ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့၊ (22-10-2006) (၅၁၁၈)

သိင်္ဂါလောဝါဒ သုတ္တန်လာ ဒါယကာကျင့်ဝတ် (၅) ပါး

မြတ်စွာဘုရားသည် ဒါယကာ၊ ဒါယိကာမများအား ရဟန်းသံဃာတော်များအပေါ် ယုံကြည်ကိုးစားအားထားကိုးကွယ်ရာ၌ သဒ္ဓါကျွံ၍ တဏှာလွန်သည်ဟူသော တွယ်တာမှုလောဘကို အခြေခံကိုးကွယ်ဆည်းကပ်မှုမျိုးမဖြစ်စေရန် ကိုးကွယ်ဆည်းကပ်ရန် နည်းလမ်းမှန်ကို သွန်သင်ညွှန်ပြ ဟောကြားခဲ့ပါသည်–

– ရဟန်းသံဃာတော်များအား ကိုးကွယ်ရာတွင် မေတ္တာနှင့်ယှဉ်သော ကာယကံမှုကို တရားတော်နှင့်အညီ ဆည်းကပ်ကိုးကွယ်ရမည်။
– မေတ္တာနှင့်ယှဉ်သော ဝစီကံမှုဖြင့် တရားတော်နှင့်အညီ သံဃာတော်များကို ဆည်းကပ်ကိုးကွယ်ကြရမည်။
– မေတ္တာနှင့်ယှဉ်သော မနောကံမှုဖြင့် တရားတော်နှင့်အညီ သံဃာတော်များကို ဆည်းကပ်ကိုးကွယ်ကြရမည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ နယ်စပ်ကုန်သွယ်မှု လုပ်ငန်းရှင်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

ဗိုလ်ချုပ်ကြီးစိုးဝင်း

မိမိတို့နိုင်ငံ၏ ရေမြေအခြေအနေမှာ ကုန်ထုတ်လုပ်ငန်းရော၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းပါလုပ်နိုင် နိုင်ငံရေးပထဝီအနေအထားကောင်းအရ အာဆီယံနိုင်ငံများနှင့် ဘင်းစတက်နိုင်ငံများကြား အချက်အချာတွင်ရှိ လူဦးရေများပြားပြီး ဈေးကွက်ကြီးမားသည့် နိုင်ငံများကြား၌ရှိပြီး စီးပွားရေးပေါင်းကူးသဖွယ် လုပ်ကိုင်နိုင် တိုင်းရင်းသားလုပ်ငန်းရှင်များ မိမိအားသန်ရာ စိတ်ဝင်စားရာလုပ်ငန်းများ ရွေးချယ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းကောင်းရှိနေ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ နယ်စပ်ကုန်သွယ်မှု လုပ်ငန်းရှင်များ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအား တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ နယ်စပ်ကုန်သွယ်မှု လုပ်ငန်းရှင်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံ၍ တိုင်းပြည်၏ စီးပွားရေးဘဝအခြေ ခိုင်ခိုင်မာမာ လမ်းကြောင်းမှန်မှန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းရှင်များ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာ၌ ယနေ့ နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ် စနစ်ကျနစွာ လည်ပတ်ဖွံ့ဖြိုးရေး၊ ပုဂ္ဂလိကအခန်းကဏ္ဍ ကြီးပွားတိုးတက်ရေး၊ ပြည်သူတို့၏ လူနေမှုဘဝ ပြည့်စုံလုံခြုံရေး၊ နိုင်ငံတော်ကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ခိုင်ခိုင်မာမာရေရှည်တည်တံ့ရေး စသည့် လူမှုသုခ တောင့်တမျှော်မှန်းချက်များမှ သက်ရှိထင်ရှား ပစ္စုပ္ပန်လူများအတွက်သာမက နောင်လာနောက်သား အဆက်ဆက်အတွက်ပါ ထည့်သွင်းစဉ်းစားသည့် မျှော်မှန်းချက်များဖြစ်ကြောင်း၊ လူတစ်ဦး၊ လူတစ်စု၊ တစ်ဖွဲ့၊ လူနည်းစုအတွက်မဟုတ်ဘဲ တစ်မျိုးသားလုံး အကျိုးစီးပွားနှင့် သက်ဆိုင်သော မျှော်မှန်းချက်များ ဖြစ်သည့်အတွက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

တိုင်းပြည်၏သဘာဝသယံဇာတအခြေအနေအရ လယ်ယာ၊ သားငါး၊ စက်မှု၊ သစ်တော စသည်ဖြင့် အလားအလာကောင်းသည့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များစွာရှိ၊ ယင်းစီးပွားရေးနယ်ပယ်များ၌ ပုဂ္ဂလိကများက တိုးချဲ့ရင်းနှီးမြှုပ်နှံသင့်၊ ပုဂ္ဂလိကကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာပြီး အခြေခံကုန်ကြမ်းပစ္စည်းများသာမက တန်ဖိုးမြှင့်တင်ထားသော ကုန်ချောပစ္စည်းများ၊ အမယ်သစ်ပို့ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်မှသာ ကုန်သွယ်မှုလုပ်ငန်းသည်လည်း ပိုမိုဖွံ့ဖြိုးကျယ်ပြန့်လာမှာဖြစ်၊ ကုန်သွယ်မှုဖွံ့ဖြိုးလာသည်နှင့်အမျှ ကုန်ထုတ်လုပ်မှုကဏ္ဍသည်လည်း ထပ်ဆင့်တိုးတက်လာမှာဖြစ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၂-၁၀-၂၀၀၆
(တနင်္ဂနွေနေ့)

တည်ငြိမ်အေးချမ်းမှု ရလဒ်ကောင်းများ အလေးထား ဒေသစီးပွားရေး တောင့်တင်းခိုင်မာအောင် ကြိုးပမ်းစွမ်းဆောင်

ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုဒေသ၏ တည်ငြိမ်အေးချမ်းသာယာမှုများဖြင့် ဆက်နွှယ်လျက်ရှိသည်။ နယ်မြေဒေသများအားလုံး တည်ငြိမ်အေးချမ်းမှုရှိသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဇောက်ချလုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

ကချင်ပြည်နယ်သည် ရေ၊ မြေ သဘာဝသယံဇာတကြွယ်ဝပြီး တည်ငြိမ်အေးချမ်းလျက်ရှိရာ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များ၊ ဒေသခံပြည်သူများ၏ ပေါင်းစည်းညီညွတ်မှုစွမ်းအားဖြင့် ပြည်နယ်စီးပွားရေး တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းလုပ်ကိုင်နေကြပြီဖြစ်သည်။

နိုင်ငံတော်က ကချင်ပြည်နယ်အတွင်း လမ်းသစ်၊ တံတားသစ်များကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ မန္တလေး-မြစ်ကြီးနားရထားလမ်းကို တိုးတက်ကောင်းမွန်စေရန် ပြုပြင်လုပ်ကိုင်လျက်ရှိသကဲ့သို့ ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်း၌ ရွှေဘို-မြစ်ကြီးနားကားလမ်း၊ ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်း၌ တကောင်း-ရွှေကူ-ဗန်းမော် ကားလမ်းတို့ကို ဖောက်လုပ်ပေးထားရာ စီးပွားရေးနှင့် ကူးသန်းဆက်သွယ်သွားလာရေးအတွက် အရေးပါသော လမ်းများဖြစ်သည်။ ထို့အတူ မြစ်ကြီးနားလေဆိပ်၊ ဗန်းမော်လေဆိပ်နှင့် ပူတာအိုလေဆိပ်တို့ကို အဆင့်မြှင့် တိုးချဲ့တည်ဆောက်ပေးခဲ့ရာ ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုလျက်ရှိသည်။

ယခုအခါ ပြည်နယ်အတွင်း စပါးဧက ငါးသိန်းကျော် စိုက်ပျိုးလျက်ရှိရာ ဒေသဆန်ဖူလုံရုံမျှမက ပိုလျှံစွာထွက်ရှိနေပြီဖြစ်သည်။ စိုက်ပျိုးနိုင်သည့် မြေအနေအထားအရ မိုးစပါး၊ နွေစပါး၊ ရော်ဘာ၊ ကြံ၊ ငရုတ်ကောင်း၊ တညင်း၊ ထောပတ် စသည့်သီးနှံများနှင့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုသည် လူ့ဘဝ၏ လိုအပ်ချက်ဖြစ်ရာ ဖွံ့ဖြိုးတိုးတက်မှုအဆင့်များကို တစ်ဆင့်ပြီးတစ်ဆင့် စဉ်ဆက်မပြတ်မြှင့်တင်ဖော်ဆောင်သွားကြရမည်ဖြစ်သည်။ ယနေ့အချိန်အခါတွင် တိုင်းရင်းသားပြည်သူများက ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းမှု ရလဒ်ကောင်းများကို အလေးထား ထိန်းသိမ်းကြပြီး ဒေသ၏ သဘာဝ သယံဇာတအရင်းအမြစ်များအား အကျိုးရှိရှိ ထုတ်လုပ်အသုံးပြုကြခြင်းဖြင့် ဒေသ၏စီးပွားရေးများ တောင့်တင်းခိုင်မာမှုနှင့်အတူ ပြည်သူများ၏ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။ ။

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဆွေမျိုးမိတ်ဆွေများ၏ကိုယ်စား ရန်ကုန်မြို့မှ အငြိမ်းစား သံအမတ်ကြီး ဦးမောင်မောင်စိုးတင့်-ဒေါ်ခင်ကြည်မိသားစုက အလှူတော်ငွေကျပ် ၇၆၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုနန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး နောင်တရားမြို့နယ် မိုးစပါးဧက ၅၀ စံပြစိုက်ခင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း၊ မိုးဖြိုရေလှောင်တမံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၆ ရက်တွင် တောင်ကြီး-ပင်လောင်း ကားလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲ/ယာ၌ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများနှင့် ရာသီသီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နောင်တရားမြို့နယ် တီကျစ်ကျေးရွာအုပ်စုရှိ မိုးစပါးဧက ၅၀ စံပြစိုက်ခင်းသို့ရောက်ရှိသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် စံပြစိုက်ခင်းတွင် ပင်လောင်းနှင့် နောင်တရားမြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မိုးစပါးစိုက် တောင်သူများအား တွေ့ဆုံရာ တာဝန်ရှိသူများက ဒေသတွင်း မိုးစပါး စိုက်ပျိုးဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက မိုးစပါးစိုက်ကွင်းအဖြစ် ရွေးရင်အေးစပါးမျိုးကို ခေတ်မီစိုက်ပျိုးနည်းပညာများ အသုံးပြုစိုက်ပျိုးကြခြင်းကြောင့် အထွက်နှုန်းတိုးမြှင့် ရရှိမည့် အခြေအနေနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြား၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ မိုးစပါးဧက ၅၀ စံပြစိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

တောင်ကြီးခရိုင် နောင်တရားမြို့နယ်သည် ၂၀၀၆-၂၀၀၇ခုနှစ်တွင် မိုးစပါးစိုက်ပျိုးရန် ၁၉၀၇၉ ဧက လျာထားရာ ၁၉၀၈၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းမှူးသည် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်း မိုးဖြိုရေလှောင်တမံသို့ ရောက်ရှိရာ ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ စက်ရုံမှူးကြီး ဦးတင်မောင်ဝင်းနှင့် မိုးဖြိုရေလှောင်ကန် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်အေးတို့က မိုးဖြိုရေလှောင်တမံမှ ရေအားလျှပ်စစ် ထုတ်လုပ်ရန်အတွက် အကျယ် ၂၁ပေ၊ အမြင့် ၂၃ပေရှိ Redial Gate အမျိုးအစား ရေတံခါးလေးခုဖြင့် ရေထုတ်ပေးနေမှု၊ လက်ဝဲ/လက်ယာ တူးမြောင်းများမှ စိုက်ပျိုးရေပေးဝေနေမှု၊ တာတမံရေဝင်/ရေထွက်နှင့် ရေသိုလှောင်ထားရှိနိုင်မှု အခြေအနေများကို ရှင်းလင်း တင်ပြကြပြီး တိုင်းမှူးက တာတမံနှင့် ရေထုတ်တံခါးများ အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မိုးဖြိုရေလှောင်တမံသည် အလျားပေ ၈၀၀၀၊ အမြင့်ပေ ၆၀ရှိ၍ တမံအမြင့်ဆုံး ရေသိုလှောင်နိုင်မှုမှာ ဧကပေ ၆၈၇၀၀၀ဖြစ်ပြီး ယခုအောက်တိုဘာလအထိ ရေဝင်ရောက်မှုမှာ ၄၈၂၄ ကျူးဆက်ဖြစ်၍ ရေထုတ်ပမာဏမှာ ၂၆၄၉ကျူးဆက်ဖြစ်ကြောင်း၊ မိုးဖြိုရေလှောင်တမံသည် လောပိတရေအားလျှပ်စစ်ဖြင့် ဝေရေးအတွက် လိုအပ်သောရေပမာဏကို နေ့စဉ်ပို့လွှတ်ပေးလျက်ရှိပြီး စိုက်ပျိုးမြေ ၁၉၈၄၂ဧကအတွက် စိုက်ပျိုးရေပုံမှန်ဖြန့်ဝေပေးနိုင်သည့် ဒေသဖွံ့ဖြိုးရေးအကျိုးပြုသည့် တမံတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ညပိုင်းတွင် တိုင်းမှူးသည် မိုးဖြိုမြို့နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီသာသနာ့ရိပ်သာ ကထိန်သင်္ကန်းကပ်လှူပွဲနှင့် စေတီတော်ကြီး ထီးတော်တင်လှူပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည်မြဝတီသာသနာ့ရိပ်သာ ကထိန်မတည်အလှူရှင်များ စေတီတော်မြတ်ကြီး ထီးဒါယကာမိသားစုများနှင့် ဝေယျာဝစ္စအမှုဆောင်အဖွဲ့ကကြီးမှူး၍ (၁၅)ကြိမ်မြောက်ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ နှင့် စေတီတော်မြတ်ကြီးထီးတော်တင်လှူပွဲ အခမ်းအနားကို တန်ဆောင်မုန်းလပြည့်နေ့၊ နိုဝင်ဘာ ၄ရက်(စနေနေ့)နံနက်ရနာရီတွင် မဟာစည်မြဝတီ သာသနာ့ရိပ်သာအတွင်း၌ ကျင်းပမည်ဖြစ်ရာ စေတီတော်မြတ်ကြီး ဘက်စုံအလှူအတွက်ဖြစ်စေ၊ စီဝိုင်စီသင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ် ၄၀၀၀၊ ထီးတစ်လက်ကျပ် ၁၀၀၀၊ ဖိနပ်တစ်ရန် ကျပ် ၅၀၀၊ ယပ်တစ်ချောင်း ကျပ် ၅၀၀ တို့နှင့် ဆေးဝါးစသောပစ္စည်း လေးပါးတို့ကို မိမိတို့သဒ္ဓါအလျောက် လှူဒါန်းလိုပါက ဝေယျာဝစ္စအဖွဲ့ ဖုန်း-၅၇၂၆၆၄ သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၅၀၆)**

ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် အောက်တိုဘာ ၂၁

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ၌ (၉)ကြိမ်မြောက်လစဉ်တရားစခန်းပွဲကို နာယကဆရာတော်ဓမ္မဒူတဒေါက်တာအရှင်ပညိဿရက နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ဝိပဿနာအလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ရိပ်သာဝင်လိုသော ယောဂီများသည် အောက်တိုဘာ ၃၁ရက်ညနေ အရောက်လာကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းလိုပါက ရိပ်သာဖုန်း-၀၅၂-၂၄၅၅၀၊ ၀၉-၅၁၀၄၆၆၉၊ကိုကျော်နိုင်(ပဲခူး) ၀၅၂-၂၃၂၆၃၊ ၀၉-၅၃၀၁၅၃၇နှင့် ကိုကျော်ဆန်း (ရန်ကုန်)-၀၉-၅၀၁၇၂၉၄တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရုပ်ရှင်ဗီဒီယိုမိသားစုများ၏ ပဉ္စမအကြိမ်မြောက် မဟာဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ဗီဒီယိုမိသားစုများ၏ ပဉ္စမအကြိမ်မြောက် မဟာဘုံကထိန်ခင်းကျင်းမည့် အလှူပွဲကို နယ်စပ်ဒေသ၊ တောင်တန်းဒေသ ပညာရည်ဖွံ့ဖြိုးရေး ကလေးဝ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နာဂလိုဏ်ဂူ ဘုရားကုန်းမြေ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နယ်စပ်ဒေသ၊ တောင်တန်းဒေသ ပညာရည်ဖွံ့ဖြိုးရေး ကလေးဝ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁နာရီတွင် ပဒေသာပင်များ စည်ကားသိုက်မြိုက်စွာ ပို့ဆောင်လှူဒါန်းပြီး အောက်တိုဘာ ၂၉ရက် နံနက် ၈နာရီခွဲတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊မြို့နယ်အသီးသီးမှကျောင်းထိုင်ဆရာတော်ကြီး ၂၇ပါးနှင့် ပင့်သံဃာ ၁၀ပါးတို့အား လှူဖွယ်ပစ္စည်းများ လှူဒါန်း၍ ရေစက်ချကာ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်။ ထို့ပြင် ကျောင်းတိုက်ရှိ စာချ/စာသင် သံဃာတော်တစ်ထောင်ကျော်အား ဆွမ်းလောင်းလှူဒါန်းမည်ဖြစ်၍ ဒါနပြုလိုသူများသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ လာရောက်၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပန်းတနော်လမ်းနေ ဦးထွန်းထွန်း-ဒေါ်ခင်သူဇာဝင်း၊ သမီး မခင်လမင်းထွန်း၊ မခင်ယမင်းထွန်း (အမြွှာညီအစ်မ) မွေးနေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်စဉ်။ (ဘိုးဘွားရိပ်သာ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

မြတ်နိုးဖွယ်ရာ ပြည်မြန်မာ

စန်းဝေအေး

မြန်မာနိုင်ငံသို့ နှစ်စဉ်အလည်အပတ် လာရောက်ခဲ့ကြသော ကမ္ဘာလှည့်ခရီးသည်များအနက် ပြင်သစ်လူမျိုး ကမ္ဘာလှည့်ခရီးသည်များသည် အများဆုံးဟု ဆိုရပေမည်။

ဤအဆို မှန်ကန်ကြောင်းကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာနက ထုတ်ဝေသော မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသွား ကိန်းဂဏန်းပြဇယားကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်သည်။

လေယာဉ်သည် ပုဂံညောင်ဦးလေဆိပ်သို့ ဆိုက်ရောက်ပါပြီ၊ အစီအစဉ်အရ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်လျှင် ရောက်ချင်း လေဆိပ်မှ ညအိပ်တည်းခိုမည့် သီရိပစ္စယာဟိုတယ်သို့ လာကြိုသော ကားဖြင့်သွားပြီး ပါလာသော အဝတ်အစားသေတ္တာများကို ဟိုတယ်တွင် ချထားကာ ခေတ္တနာရီဝက်ခန့်ကိုယ်လက်သန့်စင် အနားယူသင့်ကြသည်။ သို့သော် ဧည့်သည် ငါးဦးစလုံး တညီတညွတ်တည်း ပြောလာကြသည်မှာ We start our sightseeing right now **"အခုချက်ချင်းပဲစ၍**

ဥရောပဒေသမှ မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်ကြသော ကမ္ဘာလှည့်ခရီးသည်များ
(တစ်နှစ်ချင်းအလိုက်)

စဉ်	နိုင်ငံ	၂၀၀၂	၂၀၀၃	၂၀၀၄
	(အနောက်ဥရောပ)			
၁	ဩစတြီးယား	၃၆၁၆	၄၇၅၆	၄၁၆၈
၂	ဘယ်ဂျီယံ	၂၃၆၄	၂၁၅၉	၂၃၄၀
၃	ပြင်သစ်	၁၄၁၀၈	၁၃၁၂၅	၁၃၃၇၂
၄	ဂျာမနီ	၁၂၉၅၂	၁၃၃၄၁	၁၄၁၁၂
၅	အီတလီ	၇၉၀၈	၆၁၂၉	၇၉၂၄
၆	ဆွစ်ဇာလန်	၄၆၉၅	၄၂၅၈	၃၉၇၄
၇	အင်္ဂလန်	၈၆၂၀	၇၈၄၈	၇၇၂၀
၈	စပိန်	၃၈၅၆	၂၁၇၁	၄၁၃၄
၉	အခြား	၅၂၈၁	၄၃၇၄	၅၁၅၇
	(အရှေ့ဥရောပ)			
၁	ရုရှား	၅၅၆	၅၅၁	၇၆၀
၂	အခြား	၁၅၂၁	၁၆၅၂	၁၇၅၀

ထိုကဲ့သို့ ပြင်သစ်လူမျိုး ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မှု များပြားနေရခြင်းမှာ ပြင်သစ်လူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို နှစ်သက်မြတ်နိုးတတ်သော ဓလေ့စရိုက်ကြောင့်ဟု ဆိုနိုင်ပေသည်။

ခရီးစဉ်မှာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် စနေနေ့ တစ်ညအိပ်ခရီးစဉ်ဖြစ်ပြီး တနင်္ဂနွေနေ့တွင် ပြင်သစ်သို့ ထွက်ခွာမည့် ထိုင်းလေကြောင်းလိုင်းဖြင့်အမီ ပြန်ရမည့် တက်သုတ်ရိုက်ခရီးစဉ်ဖြစ်သည်။ မြန်မာပြည်ကိုရောက်လျှင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို သွားရန် မမေ့နှင့်ဆိုသော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေပြန် ပြင်သစ်လူမျိုး အချို့၏ မှာတမ်းကြောင့် ယခုကဲ့သို့ ရောက်တုန်းရောက်ခိုက် ရသည့် အချိန်ကလေးကိုလု၍ သွားလာကြခြင်းဖြစ်သည်။ ကိုယ့်နိုင်ငံပြန်ရောက်၍ ကိုယ့်လူမျိုးအချင်းချင်း ပုဂံဒေသ၏ အံ့ဖွယ်သုတ အဖြာဖြာကို ပြန်ပြောင်းပြောလိုကြသည်။

ပုဂံညောင်ဦးလေဆိပ်သို့ လေယာဉ်မဆင်းမီ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီ၊ ဘုရား၊ ဂူကျောင်းများကို လေယာဉ်ပေါ်မှ အပေါ်စီးမြင်နေရသော မြင်ကွင်းကား ရှေးဟောင်းယဉ်ကျေးမှုကို နှစ်သက်မြတ်နိုးမှုဓာတ်ခံရှိသော ပြင်သစ်လူမျိုးတို့အား ကြက်သီးတဖြန်းဖြန်း ထစေသည်။ သူတို့၏ မျက်နှာပေါ်တွင် အံ့သြမှုများ၊ ဝမ်းသာပီတိဖြစ်မှုများ၊ ကျေနပ်မှုများ ထင်ဟပ်နေသည်။ အချင်းချင်း တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး Incredible **"မယုံနိုင်လောက်အောင်ပါပဲ"** ဟုဆိုကြသည်။

လည်ကြမယ်" ဟူ၍ ဖြစ်သည်။ တစ်နာရီခရီး လေယာဉ်စီးခဲ့ရသောကြောင့် ရရှိခဲ့သော ပင်ပန်းနွမ်းနယ်မှုမှန်သမျှတို့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၏ ဘုရား၊ ပုထိုး၊ စေတီများကို မြင်လိုက်ရသည်နှင့် အားလုံး ပြေပျောက်သွားကြပြီဖြစ်သည်။ ကြည့်ရှုလေ့လာချင်ဇောကို တားဆီးလို့ မရတော့ပြီ။

ချစ်ချစ်တောက်ပူပြင်းသော အညာဒေသ၏ အပူရှိန်အောက်တွင် စေတီ၊ ဘုရား၊ ဂူကျောင်းများကို မမောနိုင်၊ မပန်းနိုင် အမှတ်တရ ဓာတ်ပုံများ ရိုက်နေကြတော့သည်။ နေ့လယ်စာစားချိန်ရောက်၍ "It's time to lunch" ဟု ဆိုပြန်တော့လည်း "No lunch" ဟု ဆိုကြပြန်သည်။ ပုဂံဒေသကိုအလည်ရောက်ခိုက်တွင် အချိန်သည် သူတို့အတွက် လွန်စွာမှပင် တန်ဖိုးရှိပေသည်။ တစ်ရက်တာလည်ပတ်ခွင့်ရသည့် တိုတောင်းလှသော အချိန်ကလေးအတွင်း အဘယ်မှာလျှင် သူတို့သွားချင်သည့် နေရာစုံအောင် သွားနိုင်ပါမည်နည်း။ နေ့လယ်စာစား၍ ကုန်သွားမည့် အချိန်ကို သူတို့ အဆုံးရှုံးမခံနိုင်ကြပေ။

ပြင်သစ်လူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှုကို တန်ဖိုးထားမြတ်နိုးမှု သဘာဝကို ကိုယ်တိုင်တွေ့ကြုံခဲ့ရပေသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တစ်ညအိပ်ခရီးစဉ်သည် အံ့သြဖွယ်များနှင့် ပြည့်နှက်နေပြီး မေ့၍မရနိုင်သော ထိုက်တန်သော ခရီးစဉ်တစ်ခုအဖြစ် သူတို့၏ ရင်ထဲဝယ် စွဲထင်ခဲ့လေပြီ။

ပြင်သစ်လူမျိုး ရှေးဟောင်းသုတေသန ပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာ Alain Mahuzier ကလည်း မြန်မာနိုင်ငံသို့ ၁၀ကြိမ် ရောက်ခဲ့ဖူးသည့်အလျောက် မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုများကို မြတ်နိုးတန်ဖိုးထားသူတစ်ဦးဖြစ်သည်။

"မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်မတူ တစ်မူထူးခြားသော ခရီးသွားအရင်းအမြစ်များ ပြည့်နှက်နေကြောင်း၊ နှစ်ပေါင်းများစွာ တည်တံ့နေသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ရှုမငြီးဖွယ်ရာ သဘာဝ အလှအပဝန်းကျင်များ၊ သွားလိုသည့်ခရီးစဉ်များသို့ လုံခြုံမှုအပြည့်ဖြင့်သွားနိုင်သော တည်ငြိမ်အေးချမ်းမှုများ၊ တိုင်းရင်းသားသွေးချင်းတို့၏ တစ်ဖက်သားကို ရိုင်းပင်းကူညီတတ်ပြီး လှိုက်လှဲပျူငှာစွာ ဧည့်ဝတ်ကျေပွန်တတ်သော လူနေမှုဘဝပုံစံများ စသည်တို့သည် ကမ္ဘာလှည့်ခရီးသည်များကို ထူးထူးခြားခြား ဆွဲဆောင်နေကြောင်း၊ အခြားသော နိုင်ငံနှင့်လူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်ဟန်ပန်များ လွှမ်းမိုးရောယှက်မှု ကင်းရှင်းကာ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုတို့ဖြင့် သီးသီးသန့်သန့် ထည်ထည်ဝါဝါ ရှိနေကြောင်း" စသည့် မြန်မာနိုင်ငံနှင့် ပတ်သက်သော သူ၏သဘောထား အမြင်များကို မြန်မာနိုင်ငံသို့ ကြိမ်ဖန်များစွာရောက်ခဲ့ဖူးသည့် အတွေ့အကြုံများကို အခြေပြုပြီး ပွင့်ပွင့်လင်းလင်း ပြောပြခဲ့ပါသည်။

သူ၏အဓိကရည်ရွယ်ချက်မှာ အဆိုပါ ကမ္ဘာလှည့်ခရီးသည်များအား ထူးထူးခြားခြားဆွဲဆောင်ဖမ်းစားနိုင်သော ခရီးသွားအရင်းအမြစ်များကို ရုပ်မြင်ကင်မရာဖြင့် မှတ်တမ်းတင်ရိုက်ကူးပြီး လက်ကမ်းစာစောင်များ ထုတ်ဝေကာ ပြင်သစ်နိုင်ငံနှင့် ပြင်သစ်စကားပြော နိုင်ငံများသို့ လက်ဆင့်ကမ်း ဖြန့်ဝေအသိပေးလိုခြင်းဖြစ်သည်။ **"အာရှ၏ရွှေနိုင်ငံ"** ဟု အမည်ပေးထားသော အဆိုပါလက်ကမ်းစာစောင်များနှင့်ဗွီဒီယိုအခွေများကို လက်ဆင့်ကမ်းဖြန့်ဝေအသိပေးခြင်းဖြင့် မြန်မာကိုကမ္ဘာက ပိုမိုသိရှိပြီး မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လိုသော ပြင်သစ်လူမျိုး ကမ္ဘာလှည့်ခရီးသည်များ ယခင်ကထက်ပို၍ တိုးပွားများပြားလာမည်ဟု သူယုံကြည်သည်။

ယင်းအချက်သည်ပင် **"မြန်မာကို ကမ္ဘာက ပိုမိုသိရှိလာအောင်နှင့် နိုင်ငံခြားသားများ မြန်မာကို ပိုမိုစိတ်ဝင်စားလာအောင် မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ရန်"** ဆိုသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ အဓိကတာဝန်တစ်ရပ်ကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရာ ရောက်နေပေသည်။

ထို့ကြောင့် ၂၀၀၄ ခုနှစ် နှစ်ဦးပိုင်းတွင် အဆိုပါ ရှေးဟောင်းသုတေသနပညာရှင်သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့်တွေ့ဆုံခွင့်တောင်းကာ သူ၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်လိုကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်း နွေးထွေးစွာ လက်ခံတွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားခဲ့ပါသည်။

ယင်းရှေးဟောင်းသုတေသနပညာရှင်သည် တောင်အမေရိကဒေသရှိ ချီလီနိုင်ငံတွင် အလားတူ လုပ်ဆောင်ခဲ့ရာ လွန်စွာပင်ထိရောက် အောင်မြင်ခဲ့ပါသည်။ သူ၏လုပ်ဆောင်မှုနောက်ပိုင်း ချီလီနိုင်ငံတွင် ပြင်သစ်လူမျိုး ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုနှုန်းမှာ ယခင်ကထက် သိသိသာသာ တိုးတက်များပြားလာခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ မြန်မာနိုင်ငံတွင်လည်း ချီလီနိုင်ငံကဲ့သို့ပင် ပြင်သစ်လူမျိုး ကမ္ဘာလှည့်ခရီးသည်များ တိုးတက်များပြားစွာ လာရောက်လည်ပတ်ကြမည်မှာ ဧကန်မုချဖြစ်သည်။

မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်မြင့်မားရေးအတွက် အထောက်အကူပြုသော လုပ်ဆောင်ချက်တစ်ခု ဖြစ်ပေသည်။ သူ၏လုပ်ဆောင်ချက်ရလဒ်အဖြစ် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် ပြင်သစ်လူမျိုး ကမ္ဘာလှည့် ခရီးသည် ၂၃ ဦးကို သူကိုယ်တိုင်ဦးဆောင်ကာ မြန်မာနိုင်ငံသို့ ၁၄ ရက်ခရီး လာရောက်လည်ပတ်ခဲ့ပါသည်။

ကမ္ဘာလှည့်ခရီးသည်များ အထင်ကြီး လေးစားသော ကိုယ်ပိုင်ယဉ်ကျေးမှုများ၊ ကိုယ်ကျင့်တရားကောင်းများ၊ ရှေးဟောင်းအမွေအနှစ်များ၊ သဘာဝအလှအပဝန်းကျင်များကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ရင်း မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်မြှင့်တင်ရေးကို တက်ညီလက်ညီ ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ကန်လမ်း၊ ရတနာသိဃ်ာ ပရိယတ္တိစာသင်တိုက်၊ တိုးချဲ့မြေနှင့် ကျောင်းဆောင်သစ်အတွက် လှိုင်မြို့နယ်၊ ကန်လမ်းနေ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးရန်နိုင်နှင့် ဇနီး ဒေါ်စန်းစန်းမိသားစုက ကွယ်လွန်သူမိဘများအား ရည်စူးလျက် အလှူတော်ငွေကျပ် ငါးသိန်းကို ဘဒ္ဒန္တ နေမိန္ဒာဘိသိရီ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဆရာတော်၏ ရှေ့မှောက်၌ အကျိုးတော်ဆောင် ဦးဇော်မင်းသို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ဒုတိယအကြိမ် ခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက် တို့တွင် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည် ဖြစ်သည်။

ဒုတိယအကြိမ် ခရီးရှည် (Endurance)မြင်းစီးပြိုင်ပွဲသည် တာထွက်မှသည် ပန်းဝင်သည်အထိ ကီလိုမီတာ ၈၀(မိုင်-၅၀) ကွာဝေးမည်ဖြစ်သည်။ ညောင်ဦးမြို့နယ် တောင်ဇင်းအုပ်စု ငလင်းပုတ်ကျေးရွာရှိ YKKO မြင်းစီးကလပ်မှ နံနက် ၄ နာရီတွင် စတင်တာလွှတ်ပြီး ပုဂံဘုရားများကို ပတ်ကာ YKKO မြင်းစီးကလပ်၌ ပြန်လည်ပန်းဝင်ရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် လူဦးရေ ကန့်သတ်ချက်မရှိဘဲ အသက်(၆၀)အောက် အမျိုးသား၊ အမျိုးသမီး မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်မြင်းမှာ လေးနှစ်ပြည့်ပြီးသော မြင်းဖြစ်ရမည်ဖြစ်ပြီး မိမိတို့၏ အစီအစဉ်ဖြင့် ယူဆောင်လာရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ်သုံးသိန်း၊ တတိယဆုငွေ ကျပ်နှစ်သိန်း၊ စတုတ္ထဆုငွေကျပ်တစ်သိန်းနှင့် ပဉ္စမဆုငွေကျပ်ငါးသောင်း ချီးမြှင့်မည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲဝင်လိုသော မြန်မာနိုင်ငံအရပ်ရပ်မှ မြင်းစီးအားကစားသမားများသည် ကြိုတင်ပြင်ဆင် လေ့ကျင့်မှုများ ပြုလုပ်ထားကြရန်နှင့် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်းနှင့် ပင်လုံလမ်းထောင့်ရှိ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်နှင့် ညောင်ဦးမြို့နယ် တောင်ဇင်းအုပ်စု ငလင်းပုတ်ကျေးရွာရှိ YKKO မြင်းစီးကလပ်တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ပြည်လမ်းနေဦးညွှန့်ရွှေ-ဒေါ်စိန်မြင့် မိသားစုက အလှူတော်ငွေ ကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းအမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)



စကော့တလန်၌ လုပ်ငန်းခွင်ပတ်ဝန်းကျင်နှင့် ရင်သားကင်ဆာ ဆက်နွယ်မှု ရှိ၊ မရှိ စစ်ဆေးလျက်ရှိသည်ကို အောက်တိုဘာ ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု တတိယအများဆုံးနိုင်ငံ တရုတ်ဖြစ်လာ

ပေကျင်း အောက်တိုဘာ ၂၀

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(အက်ဖ်ဒီအိုင်) တတိယအများဆုံး ရရှိသည့်နိုင်ငံဖြစ်ကြောင်း ၂၀၀၆ ခုနှစ် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ အားလုံးအနက် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အများဆုံးရရှိသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၄ ဘီလီယံရရှိကြောင်း အောက်တိုဘာ ၁၆ ရက်က ပြုလုပ်သော ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေး ညီလာခံအဖွဲ့ (အန်ကတက်) အစည်းအဝေး၌ ထုတ်ပြန်သည့် အဆိုပါ အစီရင်ခံစာတွင် ဖော်ပြသည်။

၂၀၀၅ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံအထိ စံချိန်မြင့်တက်လာကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

_အမ်အင်အေ၊ ဆင်ဟွာ။_

စင်ကာပူလေကြောင်းပိုင် ဘိုးအင်းလေယာဉ် ပျံသန်းနေစဉ်အတွင်း မူလီပြုတ်ထွက်ခဲ့

စင်ကာပူ အောက်တိုဘာ ၂၁

စင်ကာပူလေကြောင်းလိုင်းပိုင်ဘိုးအင်း ၇၄၇-၄၀၀ အမျိုးအစား လေယာဉ်တစ်စင်းသည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ပေါ်မှဖြတ်၍ ပျံသန်းစဉ်အတွင်း လေယာဉ်တွင် တပ်ဆင်ထားသော မူလီတစ်ခု ပြုတ်ထွက်သွားသည့်အဖြစ်နှင့် ကြုံခဲ့ရသောကြောင့် ယင်းလေယာဉ်ကို ပျံသန်းရေးခရီးစဉ်မှ ရပ်နားထားလိုက်ရကြောင်း အောက်တိုဘာ ၁၈ရက်သတင်းတွင် ဖော်ပြသည်။

ပြုတ်ကျကျန်ရစ်သော မူလီသည် အရှည် ငါးလက်မရှိသည်။ ယင်းမူလီသည်ဆစ်ဒနီမြို့ရှိ အိမ်တစ်လုံးပေါ်သို့ ပြုတ်ကျခဲ့ကြောင်း ဩစတြေးလျ အသံလွှင့်ဌာနက သတင်းကြေညာသည်။

အဆိုပါလေယာဉ်ကိုစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း စင်ကာပူလေကြောင်းလိုင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုဖြစ်ရပ်ကြောင့် လေယာဉ်ခရီးစဉ်အတွက် တစ်စုံတစ်ရာထိခိုက်မှု မရှိခဲ့သော်လည်း ယင်းအဖြစ်အပျက်ကိုလေကြောင်းလိုင်းအနေဖြင့် အရေးတကြီးကိစ္စအဖြစ် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း လေကြောင်းလိုင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **_အမ်အင်အေ၊ရိုက်တာ။_**

ထိုင်းတွင်မာရှယ်လော‌ဥပဒေ ဆက်လက် ကျင့်သုံးနေရဆဲ

ဗန်ကောက် အောက်တိုဘာ ၂၁

ထိုင်းနိုင်ငံတွင် စစ်ဘက်မှ အာဏာသိမ်းမှု တစ်လပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ကြားဖြတ်အစိုးရအဖွဲ့သည် နိုင်ငံတော်၏ ဂုဏ်ဒြပ်ပြန်လည်ကောင်း မွန်လာစေရေးအတွက် ကြိုးပမ်းအားထုတ်နေရပြီး မာရှယ်လောဥပဒေကို ဆက်လက်ကျင့်သုံးနေရဆဲ ဖြစ်ကြောင်း ကြာသပတေးနေ့သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့က မာရှယ်လောဥပဒေကျင့်သုံးမှုကို အဆုံးသတ်ရန် ထိုင်းကြားဖြတ်အစိုးရအဖွဲ့အား ဖိအားပေးနေသော်လည်း ပြည်တွင်း လုံခြုံရေးအခြေအနေအရ ယင်းဥပဒေကျင့်သုံးမှုကို ရုပ်သိမ်းနိုင်ခြင်း မရှိသေးကြောင်း ဗန်ကောက်ရှိ ချူလာလောင်ကွန်းတက္ကသိုလ်မှ နိုင်ငံရေးဆန်းစစ်သူဆာရာဝပ်အာရီက ပြောကြားသည်။

ထိုင်းနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုရှိစေရန် စစ်ဘက်အာဏာပိုင်များက ကြိုးပမ်းလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ထိုင်းနိုင်ငံတွင် နိုင်ငံရေး အကျပ်အတည်း ထပ်မံမဖြစ်ပေါ်စေရေးနှင့် တည်ငြိမ်မှုရှိရေးတို့မှာ လက်ရှိအစိုးရအဖွဲ့၏ ဦးစားပေးလုပ်ငန်း ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **_အင်တာနက်။_**

နပိုလီယံခေတ် တိုက်ပွဲဝင်ဝတ်စုံ ဝတ်စားဆင်ယင်မှုပြိုင်ပွဲဝင်မည့် ပြင်သစ်မြင်းစီးစစ်သည်နှစ်ဦးကို အောက်တိုဘာ ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သစ်ခွမျိုးစိတ်သစ်များ ပါပူဝါနယူးဂီနီ၌ တွေ့ရှိ

ဂျီနီဗာ အောက်တိုဘာ ၂၀

ကမ္ဘာပေါ်တွင် ယခင်က မသိသေးသော သစ်ခွပင်မျိုးစိတ်သစ် ၃၀ ကို ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးရန်ပုံငွေအဖွဲ့ (ဒဗလျူဒဗလျူအက်ဖ်)မှ သိပ္ပံပညာရှင်များက ပါပူဝါနယူးဂီနီနိုင်ငံ၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

အသစ်ရှာဖွေတွေ့ရှိထားသည့် သစ်ခွပင်များမှာ ကီကိုရီဒေသတွင် တည်ရှိကြောင်း ဒဗလျူဒဗလျူအက်ဖ်က ပြောကြားသည်။

အိမ်နီးချင်း အင်ဒိုနီးရှားနိုင်ငံ၏ သစ်တောများတွင် တွေ့ရလေ့ရှိသည့် သစ်ခွပင် မျိုးစိတ် ၇၀ နီးပါးမှာ တရားမဝင်သစ်ခုတ်လှဲမှုကြောင့် မျိုးသုဉ်းကွယ်ပျောက်ခဲ့ရကြောင်း၊ သို့ဖြစ်၍ သစ်ခွပင်မျိုးစိတ်သစ်များ တွေ့ရှိမှုမှာ ဝမ်းမြောက်ဖွယ် သတင်းဖြစ်ကြောင်း ဒဗလျူဒဗလျူအက်ဖ်မှ သစ်တောဂေဟဗေဒပညာရှင် အိုလိုဂီဘီယာက ပြောကြားသည်။**_အမ်အင်အေ၊ဆင်ဟွာ။_**

တောင်ကိုရီးယားနှင့် ရုရှားနှစ်နိုင်ငံ ဓာတ်ငွေ့လုပ်ငန်း ပူးပေါင်းဆောင်ရွက်မည်

ဆိုးလ် အောက်တိုဘာ ၂၀

တောင်ကိုရီးယားနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် အောက်တိုဘာ ၁၇ ရက်တွင် စာချုပ်ချုပ်ဆိုရေး သဘောတူခဲ့ကြကြောင်း တောင်ကိုရီးယားနိုင်ငံ ကူးသန်းရောင်းဝယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ပြောကြားသည်။

ဖော်ပြ

အဆိုပါ သဘောတူညီချက်အရ ကိုရီးယားနိုင်ငံပိုင် ဓာတ်ငွေ့ကော်ပိုရေးရှင်းနှင့် ရုရှားနိုင်ငံပိုင် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး အိုအေအိုဂတ်စ်ပရွမ်ဟီ ကုမ္ပဏီတို့သည် ဓာတ်ငွေ့တင်သွင်းရန်အတွက် အသေးစိတ် ဆွေးနွေးကြမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ဖော်ပြသည်။

ရုရှားနိုင်ငံမှ ဓာတ်ငွေ့များ တင်သွင်းရန်အတွက် ယင်းကုမ္ပဏီနှစ်ခုမှာ ဆွေးနွေးမှုများ စတင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်းနှင့် ၂၀၀၇ခုနှစ်တွင် ရုရှားနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ရေရှည်စီမံကိန်းအသစ်အတွက် မကြာမီ လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကိုရီးယားနိုင်ငံတွင် ပြည်ပမှ တင်သွင်းရသော ဓာတ်ငွေ့ရည်စုစုပေါင်း၏ သုံးပုံတစ်ပုံခန့်ကို ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် ရုရှားဓာတ်ငွေ့ပိုက်လိုင်းမှ သွယ်တန်းယူမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ဖော်ပြထားသည်။

ရုရှားဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့များ ဖြန့်ဖြူးရေး၊ သဘာဝဓာတ်ငွေ့များ နှစ်နိုင်ငံ ပူးပေါင်း သိုလှောင်ထားရှိရေးနှင့် ဆိုက်ဘေးရီးယား အရှေ့ဘက်တွင် ဓာတ်ငွေ့များ ရှာဖွေရေးတို့ကို ဆွေးနွေးမှုပြုလုပ်ရန် နှစ်နိုင်ငံမှ စီစဉ်လျက်ရှိသည်။ **_အမ်အင်အေ၊ဆင်ဟွာ။_**



လက်ပ်တော့ကွန်ပျူတာသုံး လီသီယံအိုင်ယွန်းဓာတ်ခဲများ ပြန်လည်သိမ်းယူမည်

တိုကျို အောက်တိုဘာ ၂၀

ဂျပန်နိုင်ငံမှ ဆိုနီကော်ပိုရေးရှင်းသည် လက်ပ်တော့ ကွန်ပျူတာများအတွက်ထုတ်လုပ်ခဲ့သော လီသီယံအိုင်ယွန်းဓာတ်ခဲ အလုံးပေါင်း ၉၀၀၀၀ ခန့်ကို ဂျပန်နှင့်တရုတ်နိုင်ငံတို့မှ ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း၊ ယင်းဓာတ်ခဲများမှာ လျှပ်စီးပတ်လမ်းပြတ်နိုင်ခြင်းကြောင့်ဖြစ်ကြောင်း ဆိုနီကုမ္ပဏီက အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားသည်။

တရုတ်ဈေးကွက်တွင် ဓာတ်ခဲလုံးရေ ၃၀၀၀၀နှင့် ဂျပန်ဈေးကွက်တွင် ဓာတ်ခဲအလုံး ၆၀၀၀၀တို့ကို ဆိုနီကုမ္ပဏီက ပြန်လည်သိမ်းယူမည်ဖြစ်သည်။

_အမ်အင်အေ၊ဆင်ဟွာ။_

မီးခိုးမြူများအုံ့ဆိုင်းမှုကြောင့် လေဆိပ်ပိတ်ထားရ

ဂျကာတာ အောက်တိုဘာ ၂၀

အင်ဒိုနီးရှားနိုင်ငံ ကာလီမန်တန်ပြည်နယ်နှင့် ဆုမတြားကျွန်းတောင်ပိုင်းဒေသများတွင် တောမီးလောင်ရာမှ ပေါ်ထွက်လာသည့်မီးခိုးမြူများ အုံ့ဆိုင်းနေမှုကြောင့် ယင်းနိုင်ငံ၏ ဂျမ်ဘီပြည်နယ်ရှိ ဆူလတန်သာဟာအမည်ရှိ လေဆိပ်ကို လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းပိတ်ထားခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းစာက ဖော်ပြသည်။

ဆုမတြားကျွန်းပေါ်ရှိ လေဆိပ်တွင် လေယာဉ်ဆင်းတက်မှု လုပ်ငန်းအားလုံး နီးပါးရပ်ဆိုင်းထားသည်။ အလုပ်သမားများ အနည်းငယ်သာ လုပ်ငန်းခွင်တွင် ရှိနေကြပြီး လက်မှတ်အရောင်းဌာနများနှင့် ခရီးသွားကုမ္ပဏီများကို ဖွင့်လှစ်ထားသည်။ **_အမ်အင်အေ၊ဆင်ဟွာ။_**

ဟောင်ကောင်ကမ်းခြေတစ်နေရာ၌ စွန့်ပစ်ထားသည့် ကွန်ပျူတာများကို အောက်တိုဘာ ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆ နောက်ခံစင်မြင့်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ပြည်ပသာသနာပြုခရီးမှ ပြန်လည်ကြွရောက်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်း (၈)ရပ်ကွက် သုဝဏ္ဏသိင်္ဂီဓမ္မရိပ်သာ ကျောင်းတိုက် ပဓာနနာယက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကစ္စာယနနှင့် ပဋ္ဌာသမဏ ဦးဝါသေဋ္ဌတို့သည် ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၄ရက်တွင် လန်ဒန်မြို့သို့ ကြွရောက်၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာတရားတော်များကို ဟောကြားတော်မူပြီး ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၉ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ကြွရောက်ခဲ့ကြောင်းသိရသည်။

(က-ပ)

သစ်အခြေခံစက်မှုလုပ်ငန်းများအနေဖြင့် သစ်ကုန်ကြမ်းကို နည်းနည်းသုံးပြီး အခြားဆက်စပ်ပစ္စည်းများနှင့် တွဲဖက်ခြင်းဖြင့် တန်ဖိုးပိုမိုရရှိရန်ကြိုးပမ်းနေ မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆ဖွင့်ပွဲ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်သည့် "သစ်တောရတနာ၊ ပြည့်ဘဏ္ဍာ၊ အစဉ်ထာဝရ ထိန်းသိမ်းကြ"ဟူသော ဆောင်ပုဒ်နှင့်အညီကျင်းပသည့် မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆ နောက်ခံစင်မြင့်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမ ရှေ့မျက်နှာစာ၌ ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်လွင်တို့က မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် မြန်မာ့ပရိဘောဂပြပွဲ၂၀၀၆သည် ပရိဘောဂအပါအဝင် မြန်မာ့ သစ်တောထွက်ပစ္စည်းများကို အရောင်းမြှင့်တင်ရေးအတွက် ဒုတိယအကြိမ် ကျင်းပပေးခြင်း ဖြစ်ကြောင်း၊ ရည်ရွယ်ချက်များအနေဖြင့်

- **မြန်မာနိုင်ငံသည် ကျွန်း၊ သစ်မာနှင့် အခြား သစ်တောထွက်ပစ္စည်းများ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်စေရန်၊**
- **သစ်အခြေခံ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ပြီး ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ခြင်းဖြင့် ပြည်ပဝင်ငွေတိုးမြင့်ရရှိစေရန်၊**
- **ပြည်တွင်းပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုနည်းပညာနှင့် လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရန်၊**
- **အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်နှင့်**
- **သစ်တောထွက် ပစ္စည်းများ၏ အရေးပါမှုကို နားလည်သိရှိပြီး သစ်တောသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရန်**

တို့ပင်ဖြစ်ကြောင်း။

ယခုကျင်းပသည့် ဒုတိယအကြိမ်မြန်မာ့ ပရိဘောဂပြပွဲ၌ ပထမအကြိမ်ကထက် ပိုမိုထူးခြားသော အချက်များကိုတွေ့ရှိရမှာဖြစ်ကြောင်း၊ ယခုပြပွဲတွင် သစ်နှင့် ပရိဘောဂများအပြင် ကြိမ်၊ ဝါး စသည့်အခြားသစ်တောထွက်ပစ္စည်းများ၊ လူသုံးနည်းသစ်မျိုးများဖြင့် ထုတ်လုပ်သည့် ပရိဘောဂပစ္စည်းများ၊ သစ်နှင့်သတ္တုကို တွဲဖက်သုံးစွဲပြီး ထုတ်လုပ်သည့်ပစ္စည်းများ၊ သစ်အခြေခံ စက်မှုလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ ပါဝင်လာသည်ကိုတွေ့ရကြောင်း၊ တစ်နည်းအားဖြင့် သစ်အခြေခံ စက်မှုလုပ်ငန်းရှင်များအနေဖြင့် သစ်ကုန်ကြမ်းကို နည်းနည်းသုံးပြီး အခြား ဆက်စပ်ပစ္စည်းများနှင့် တွဲဖက်ခြင်းဖြင့် တန်ဖိုးပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်နေသည် ဆိုသည့်အချက်ကို ပြသရာရောက်ကြောင်း၊ ထို့ကြောင့် ယနေ့ပြပွဲတွင်အနာဂတ်မြန်မာ့သစ်တောကဏ္ဍအတွက် အားရစရာကောင်းသည့် အနေအထားများကို တွေ့ရှိရကြောင်းကိုပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့မှစပြီး ငါးရက်ကြာ ကျင်းပသည့် မြန်မာ့ပရိဘောဂပြပွဲသည် မြန်မာနိုင်ငံ သစ်တောစီးပွားရေးကဏ္ဍအတွက်အထူးအရေးပါသော ပြပွဲတစ်ရပ်ဖြစ်ကြောင်းကို ဂုဏ်ပြုပြောကြားလိုကြောင်း။

ပရိဘောဂပြခန်းရှင်များအနေဖြင့်

- **ယခုကဲ့သို့ပြပွဲများ နှစ်စဉ်ကျင်းပရာတွင် ပူးပေါင်းပါဝင်ကြပါ။**
- **ဤပြပွဲမှရရှိလာသော အတွေ့အကြုံ ဗဟုသုတနှင့် ဝယ်သူများ၏ဆန္ဒများအပေါ်အခြေခံပြီး ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းကြပါ။**
- **မိမိတို့၏ သစ်အခြေခံ စက်မှုလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှနိုင်ငံတော်၏စီးပွားရေးကိုလည်းတစ်ဖက်တစ်လမ်းမှ အထောက်အကူပေးနိုင်အောင် ဆောင်ရွက်ပေးကြပါ**

ဟု တိုက်တွန်း ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆ နောက်ခံ စင်မြင့်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပြခန်းအတွင်း၌ ကုမ္ပဏီပေါင်း ၄၇ခု၏ ပြခန်းပေါင်း ၁၆၂ခန်း၌ ခင်းကျင်းပြသထားသည့် အိမ်သုံး လူသုံးနှင့်အလှဆင်ပရိဘောဂများ၊နိုင်ငံတကာနည်းပညာများဖြင့် အထူးပြုလုပ်ထားသော ကျွန်းအစားထိုး လူသိနည်းသည့် အခြားသစ်များဖြင့် ပြုလုပ်ထားသော ပရိဘောဂများ၊ ရော်ဘာသစ်သားဖြင့် ပြုလုပ်ထားသော ပရိဘောဂများ၊ ကြိမ်ထည် ပရိဘောဂပစ္စည်းများ၊ ပြည်ပကုမ္ပဏီများမှပြသထားသော ပရိဘောဂလုပ်ငန်းသုံးစက်ကိရိယာများ၊ ပြည်တွင်းပရိဘောဂလုပ်ငန်းရှင်များ အစုအဖွဲ့က ဖွင့်လှစ်သည့် အခြေခံဒီဇိုင်းသင်တန်းသားများထုတ်လုပ်ထားသည့်ပရိဘောဂပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆ကို အောက်တိုဘာ ၂၁ရက်မှ ၂၅ရက်အထိ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသ ထားမည်ဖြစ်ပြီး အောက်တိုဘာ ၂၁ရက်မှ ၂၃ရက်အထိ လုပ်ငန်းရှင်များ၊ ပြည်ပဧည့်သည်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများအတွက် သီးသန့်ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး အောက်တိုဘာ ၂၄ရက်နှင့် ၂၅ရက်များတွင် အများပြည်သူများအား ဖွင့်လှစ်ပြသသွားမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆တွင် ခင်းကျင်းပြသထားသည့် ပရိဘောဂပစ္စည်းများကို ကြည့်ရှုအားပေးစဉ်

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၀-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၁၅	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ **ဆရာတော်ဦးဃောသိတတရားတော် "အင်္ဂုဝစ္ဆသုတ်"**
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။ မြဝတီအဖွင့်
၁၂:၀၅	၂။ အဖွင့်သီချင်း
၁၂:၁၀	၃။ မျိုးချစ်တပ်မတော်
၁၂:၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀	၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "သစ္စာရင်ခွင်"**
၁၃:၅၀	၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၃:၅၅	၇။ အပိတ်နှုတ်ဆက်စကား
၁၄:၀၀	၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀	၆။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၈။ အမေးကမ္ဘာတွေးစရာ
၆:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။ နိုင်ငံတကာသတင်း
၆:၂၀	၁၁။ မိုးလေဝသသတင်း
၆:၂၅	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၄။ အံ့သြဖွယ်ရာဆက်ကပ်ပညာ
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၆၉)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ ပဟေဠိနန်းတော်
	၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ENGLISH PREMIER LEAGUE ဘောလုံးပွဲ Manchester United Vs Liverpool (Live)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ္တမနေ့ပြိုင်ပွဲအစီအစဉ်များ နေပြည်တော်၌ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

မြန်မာနိုင်ငံသည် သမိုင်းစဉ်တစ်လျှောက်၌ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခဲ့ပြီး အိမ်နီးချင်းနိုင်ငံများအကြား ဇာတိသွေး၊ ဇာတိမာန်ထက်သန်နိုးကြားစွာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ခဲ့ပြီး မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်ခဲ့ရုံသာမက ပျူခေတ်မှစ၍ နှစ်ပရိစ္ဆေဒရှည်ကြာစွာ ထိန်းသိမ်းပျိုးထောင်လာခဲ့ကြသည့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာ၊ ကိုယ်ပိုင်ဓလေ့စရိုက် အစဉ်အလာကောင်းများကို မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြသည့် မျိုးရိုးဂုဏ်ရည်ရှိကြသူများဖြစ်သည်နှင့်အညီ ရရှိပြီးသား ယဉ်ကျေးမှုဂုဏ်ဒြပ်များ ပျောက်ပျက်သွားခြင်း မရှိစေရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ ယနေ့တွင် သတ္တမမြောက်နေ့အဖြစ် နေပြည်တော် ရေဆင်းတက္ကသိုလ်နှင့် သုတေသနနယ်မြေများရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသည်။

ယနေ့ကျင်းပသည့် (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ သတ္တမနေ့ပြိုင်ပွဲများသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဆောက်လုပ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးညီထွန်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသား ယဉ်ကျေးမှုကိုယ်စားလှယ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော်အနီး ပတ်ဝန်းကျင်ရှိ ခရိုင်နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးနားသောတ ဆင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ကိုနံနက်၉နာရီတွင် ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ခန်းမဆောင်၌ကျင်းပရာ အကအကဲ ဖြတ်လုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှု တက္ကသိုလ်(မန္တလေး) သဘင်ဌာနမှ ပါမောက္ခ ဒေါ်နန္ဒခင်နှင့် အက အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ယနေ့ကျင်းပသည့် အခြေခံပညာ အဆင့် အသက် (၁၅-၂၀)နှစ် အမျိုးသမီးအကပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မဝင့်ရွှေရည်ဝင်း၊ဧရာဝတီတိုင်းမှ မမေသဉ္ဇာကျော်၊ ပဲခူးတိုင်းမှ မငယ်ချစ်ပို၊ ချင်းပြည်နယ်မှ မတီဘလ်လှေဆွီး၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငှက်နန်းမိအေး၊ ရန်ကုန်တိုင်းမှ မအိမ်ရွှေကျော်၊ ရန်ကုန်တိုင်းမှ မအေးစန္ဒာ(ခ)မနီလာ၊ ချင်းပြည်နယ်မှ မဆိုင်ဒေါ့သ်နဲ့မ်း၊ စစ်ကိုင်းတိုင်းမှ မဝါဝါဝင်းမြင့်၊ ကချင်ပြည်နယ်မှ မဝင်းပပလှိုင်၊ စစ်ကိုင်းတိုင်းမှ မသန္တာထူး၊ ရန်ကုန်တိုင်းမှ မကြည်နူးပွင့်နှင့် ရှမ်းပြည်နယ်မှ မဝတ်ရည်ထွန်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေး သုတေသနစုဝေးခန်းမ၌ ကျင်းပရာ အရေးပြိုင်ပွဲ အကဲဖြတ်အမှတ်ပေးအဖွဲ့ခေါင်းဆောင် ဦးလေးညွန့်၊ အနုပညာဦးစီးဌာနမှ ဒေါ်ကြည်ကြည်ဝင်းနှင့် ဒေါ်နွယ်နွယ်စိုးတို့က အကဲဖြတ် အဖွဲ့ဝင်များနှင့် အတူ ကြီးကြပ်ဆောင်ရွက်ပေးသည်။

အရေးပြိုင်ပွဲတွင် အောက်တိုဘာ ၁၅ရက်က "အမှောင်နှင့်အလင်း" ခေါင်းစဉ်ဖြင့် တေးစာသားရေးသားပြိုင်ပွဲဝင်ခဲ့ပြီး အောက်တိုဘာ ၁၆ရက်တွင် သံစဉ်ထည့်သွင်း လေ့ကျင့်ခဲ့သော ဝါသနာရှင်အဆင့် (ဒုတိယတန်း) မှ ပြိုင်ပွဲဝင်များသည် တေးစာသားအား သံစဉ်များထည့်သွင်း၍ သီဆိုပြိုင်ပွဲဝင်ကြရာ ဧရာဝတီတိုင်းမှ ဦးဇော်ဝင်းမြင့်၊ ကချင်ပြည်နယ်မှ ဒေါ်မြဝင်းကြည်၊ ရန်ကုန်တိုင်းမှ ဒေါ်ပွင့်စံပါယ်၊ မန္တလေးတိုင်းမှ ဦးကောင်းထက်ကျော်၊ ရန်ကုန်တိုင်းမှ ဒေါ်ဥမ္မာမြတ်၊ ရှမ်းပြည်နယ်မှ ဦးလှကြိုင်၊ မကွေးတိုင်းမှ ဦးသိုက်ထွန်း၊ မန္တလေးတိုင်းမှ ဒေါ်ထက်ထက်စံ၊ မွန်ပြည်နယ်မှ မင်းအောင်ထူး၊ စစ်ကိုင်းတိုင်းမှ တက်ခေတ်လင်းဇော်(ခ) ဦးလင်းဇော်၊ ကယားပြည်နယ်မှ ဦးကြည်စိုး၊ ကရင်ပြည်နယ်မှ ဦးဗေဒါနှင့် ပဲခူးတိုင်းမှ ဦးဝင်းလွင်တို့ ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီးဆိုင်းအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ အတီးအဖွဲ့ခေါင်းဆောင် မလှိုင်ဦးသန်းထွန်းနှင့် အဖွဲ့က အကဲဖြတ်အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ဦးမြင့်အောင် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ထိုသို့ ကျင်းပရာတွင် ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီး ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် "တောင်ဇမ္ဗူပိုင်"(ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်ခိုင်ဇာဝင်း၊ မွန်ပြည်နယ်မှ မဘိုမ၊ ဧရာဝတီတိုင်းမှ ဒေါ်ယဉ်ယဉ်နု၊ ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်နှင့် မန္တလေးတိုင်းမှ ဒို့ဗိုလ်မ(ခ) မိုးသူဇာအေးတို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ်အမျိုးသမီးဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ "နန်းဘုံသီဟာဇွဲ" (ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မကေဇင်ချစ်စု၊ မန္တလေးတိုင်းမှမရွှေစင်ကလျာထက်ထက်ကျော်၊ ကချင် ပြည်နယ်မှ မဝင်းမြတ်ကြည်နှင့် ရန်ကုန် တိုင်းမှ မဝင့်သဉ္ဇာစတင်းတို့ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြပြီး အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသမီးဆိုင်း တစ်ဦးချင်း အတီးပြိုင်ပွဲတွင် ဇေယျာမြို့(ကြိုး)သီချင်းဖြင့် မန္တလေးတိုင်းမှ မဖြူဖွေးသန့်၊ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်၊ ရန်ကုန်တိုင်းမှ မဝင့်နန္ဒာလွင်၊ မကွေးတိုင်းမှ မနှင်းအိလှိုင်၊ စစ်ကိုင်းတိုင်းမှ မဖြူနှင်းခိုင်နှင့် မန္တလေးတိုင်းမှ မအိသဉ္ဇာအောင်တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မယ်ဒလင်အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်း သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးရည်နွယ်ကြီးကြပ်၍ မယ်ဒလင်အတီးအကဲဖြတ် အဖွဲ့ခေါင်းဆောင်ဦးမောင်မိုးနှင့် အဖွဲ့က အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲကို ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် "မင်းကုသ" (ကာလပေါ်) သီချင်းဖြင့် မကွေးတိုင်းမှ ဦးကျော်မြင့်၊ ကယားပြည်နယ်မှ ဦးထွန်းနိုင်ဦး(ခ)ကိုဖောင်း၊ ရန်ကုန်တိုင်းမှ ပေါက်စီခေါ်မောင်မောင်လေး (ခ) ဦးမောင်မောင်လွင်၊ မွန်ပြည်နယ်မှ မောင်စန်းထွေး၊ မန္တလေးတိုင်းမှ ဦးဖြေငွေး၊ ရှမ်းပြည်နယ်မှ ဦးဝင်းလှိုင်၊ ရခိုင်ပြည်နယ်မှ ဦးချိုအေး(ခ)ချိုကြီး၊ ဧရာဝတီတိုင်းမှ ဦးသိန်းဝင်းဦး၊ ရန်ကုန်တိုင်းမှ ဦးငွေးဝင်း၊ မန္တလေးတိုင်းမှ ဦးလေးနိုင်ထွန်း၊ ကရင်ပြည်နယ်မှ ဦးစောမောင်မောင်သိုက်နှင့် ပဲခူးတိုင်းမှ ဦးသန်းရှိန်တို့ပြိုင်ပွဲဝင်ကြသည်။

အလားတူ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) မယ်ဒလင် အတီးပြိုင်ပွဲတွင်"ဟေမဝန်ချာ" (ဘွဲ့) သီချင်းဖြင့် ပဲခူးတိုင်းမှ ဒေါ်ညွန့်ညွန့်ဆွေ၊ မန္တလေးတိုင်းမှ ဒေါ်ဥမ္မာကျော်နှင့် မကွေးတိုင်းမှ မနီလာတို့ ပြိုင်ပွဲဝင်ကြသည်။

ထို့အတူအခြေခံပညာအဆင့်အသက် (၅-၁၀)နှစ်(အမျိုးသား) မယ်ဒလင် အတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ "ပျို့မောင်ဖုန်း" ကာလပေါ်သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဖိုးသကြ်န်၊ စစ်ကိုင်းတိုင်းမှ မောင်ကျော်မျိုးနိုင်နှင့် ရန်ကုန်တိုင်းမှ မောင်စည်သူထွန်းတို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူအခြေခံပညာအဆင့်အသက် (၅-၁၀)နှစ် (အမျိုးသမီး)မယ်ဒလင် အတီးပြိုင်ပွဲတွင် "ဇေယျာမြို့"(ကြိုး) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မဒေလီယာထွန်း၊ ရှမ်းပြည်နယ်မှ မနန်းခင်မေဖူးဟန်၊ ရန်ကုန်တိုင်းမှ မသက်ထားဝေနှင့်ရန်ကုန်တိုင်းမှ မခင်ပြည့်စုံအောင်တို့ ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမ၌ စတင်ကျင်းပရာ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ စန္ဒရားဦးရည်နွယ်နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်ပြီး ပတ္တလားအတီးအကဲဖြတ် အဖွဲ့ခေါင်းဆောင် စန္ဒရားရား ဦးခင်လှနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ပထမတန်း) ပတ္တလားအတီးပြိုင်ပွဲကို ကျင်းပရာ "ထောင်ယောင်နေကသာ" သီချင်းဖြင့် ပဲခူးတိုင်းမှ ဦးစိန်အေးခိုင်(ခ) ဦးအေးသွင်၊ ရန်ကုန်တိုင်းမှ ဦးကောင်းဆက်၊ မန္တလေးတိုင်းမှ ဦးရှိုင်းဇိုလ်နှင့် ဦးကောင်းသန့်၊ မကွေးတိုင်းမှ ဦးမြမင်းဗိုလ်၊ ရန်ကုန်တိုင်းမှ မြို့တော်အေးမင်းအောင်နှင့် ဧရာဝတီတိုင်းမှ ဦးမြင့်အောင်တို့ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကယားပြည်နယ်မှ မအိမွန်အောင်၊ မန္တလေးတိုင်းမှ မလှမြတ်ကြွယ်နှင့် မရတနာဥ၊ ရန်ကုန်တိုင်းမှ မမေသူဝင်း၊ ပဲခူးတိုင်းမှ မဇင်မာဖြိုး၊ ကချင်ပြည်နယ်မှ မသန်းသန်းနွယ်၊ ဧရာဝတီတိုင်းမှ မကြည်ဆွေမြင့်၊ ရန်ကုန်တိုင်းမှ မဝင်းထက်ထက်ဖြိုး၊ စစ်ကိုင်းတိုင်းမှ မအေးချမ်းမိုးတို့က "ရွှန်းရွှန်းမြ" သီချင်းခံ့ဖြင့် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် (အမျိုးသား)ပတ္တလားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "မြန်ခန်းကျွန်းတွင်"(ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်မျိုးဇော်ဟိန်း(ခ)မျိုးဇော်အောင်၊ ရခိုင်ပြည်နယ်မှ မောင်စိုးသိန်း၊ ရန်ကုန်တိုင်းမှမောင်ရဲမင်းဟန်၊ မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်နှင့်မောင်မျိုးသူ၊ ဧရာဝတီတိုင်းမှ မောင်လွင်ကိုကိုဦးတို့ ပြိုင်ပွဲဝင်ကြသည်။

သံစဉ် ထည့်သွင်း

ဝါသနာရှင်အဆင့် (ဒုတိယတန်း) တေးစာသားအား သံစဉ်ထည့်သွင်း သီဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ဦးလှကြိုင် ပါဝင် ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စောင်းအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်စာသင်ခန်းမ၌ စတင်ကျင်းပရာ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ စန္ဒရားဦးရည်နွယ်နှင့် အတီးအကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များက ကြီးကြပ်ပြီး စောင်း အတီး အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးအောင်ကိန်းနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် "သီလာမြေယံ" (ကြိုး)သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်သိုင်းထက်နှင့် မောင်သိပ်ချစ်အောင်၊ ရှမ်းပြည်နယ်မှ မောင်ရဲဝင်းကျော်၊ ဧရာဝတီတိုင်းမှ မောင်ကောင်းထက်အောင်၊ ရခိုင်ပြည်နယ်မှ မောင်နိုင်လင်းသူ၊ မွန်ပြည်နယ်မှ မောင်ကုဋေကျော်၊ ရန်ကုန်တိုင်းမှ မောင်မိုးမြင့်ဆက်တို့ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံ ပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "နန်းဘုန်သီဟာဇွဲ" (ယိုးဒယား)သီချင်းဖြင့် ကရင်ပြည်နယ်မှ မသဲနုအေး၊ မန္တလေးတိုင်းမှ မအေးစုကျော်၊ ဧရာဝတီတိုင်းမှ မခိုင်ဇာမွန်နှင့် မကွေးတိုင်းမှ မနန်းသီရိခင်ခင်တို့ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "မြရည်နန္ဒာ" (ဘွဲ့) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မဆုရည်ကိုကို၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်းနှင့် ဧရာဝတီတိုင်းမှ မသီရိမြတ်ဆုတို့ ပြိုင်ပွဲဝင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အောက်တိုဘာ ၂၂ရက် နံနက် ၉နာရီတွင် သတ်မှတ်နေရာ အသီးသီး၌ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

အက ယှဉ်ပြိုင်

အခြေခံ ပညာအဆင့် အသက် (၁၅-၂၀)နှစ်အမျိုးသမီး အကပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မတီဘလ် လှေဆွီး ပါဝင် ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ဇာတိမာန် ပွဲခင်းသာ

* ကိုယ့်ယဉ်ကျေးမှု
ကိုယ့်အနုပညာ
ကိုယ့်ဘာသာဓလေ့
သိမ်မွေ့ရိုးရာ စဉ်အလာရှိသား။
* မာန်---ဌာန်---သဏ္ဌာန်နဲ့
မြန်မာ့စံ ဟန်ဓလေ့ကို
ပိုက်သိမ်းပွေ့ ထိန်းစောင့်ရှောက်မယ်
မျိုးစောင့်တရား---။
* ဘယ်---တိုင်းခြားကိုမှ
အားမကိုး မတုပ
နှိုင်းဆလေ့လာ သိ၍မြင်
ဘယ်မူထွင်ထွင်---
ဘယ်သူယှဉ်၍လှသလဲ---
တလွဲအမြင်--- အထင်မကြီးပါနဲ့
မလွန်ကဲကြရန် ဇာတိမာန်ဆင့်။
* အမျိုးကိုချစ်ပါ---
တိုင်းပြည်ကိုချစ်ပါ---
ယဉ်ကျေးမှု"ရတနာ"သာ ထွန်းကားဖို့
နိုးကြားစွာ မြန်မာ့ဆန္ဒ
မဟာဂီတ--- အလှမပျက်စေဖို့
အရိုးက အရွက်မဖုံးရအောင်
စွမ်းဆောင်လို့မြင့်။ ။

ခြိမ့်နိုင်

❋ ရှေ့ဖုံးမှ

- အမြဲမပြတ်လှူဒါန်းလိုသော အလောဘစိတ်ထားရှိ၍ အလှူခံပုဂ္ဂိုလ်အား တံခါးဖွင့်ကာ မျှော်လင့်စောင့်ဆိုင်းနေသည့် စေတနာသဒ္ဓါတရားမျိုး ဖြစ်ရမည်။
- ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသော အာမိသတို့ကို ပေးလှူခြင်းဖြင့် သံဃာတော်များကို ပြုစုစောင့်ရှောက်ကြရမည်။

သိင်္ဂါလသူကြွယ်သား ဤ(၅)ပါးသောအကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် သာသနာတော်ကို ပြုစုစောင့်ရှောက်ကုန်လော့။

ဒါယကာကျင့်ဝတ် (၅)ပါးအား မှတ်သားလွယ်ကူစေရန်အတွက် သင်္ဂဇာဆရာတော်က လင်္ကာဖွဲ့၍ထားရှိသည်မှာ-

မေတ္တာစိတ်သက်
ဆောင်ရွက်ချစ်ခင်
ခင်မင်နှုတ်ချို
လိုလျှင်ဖိတ်ထား
တတ်အားလှူစေ
ဝတ်ငါးထွေ ပြုလေဒါယကာ

မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် သာသနာတော် အဓွန့်ရှည်ရန်အတွက် သံဃာ့အဖွဲ့အစည်းကြီးကို အလေးထား ပြုစုပျိုးထောင်ခဲ့ကြောင်း ထင်ရှားသည့် သာဓကတစ်ခုမှာ မိထွေးတော်ဂေါတမီသည် မြတ်စွာဘုရားအား လှူဒါန်းရန် ရည်စူး၍ ရွှေကြာသင်္ကန်းကို ကိုယ်တိုင်ရက်လုပ်ပြီး မြတ်စွာဘုရားအား ဆက်ကပ်ရန် လျှောက်ထားသည့်အခါ မြတ်စွာဘုရားက မိန့်ကြားသည်မှာ "ချစ်သမီးဂေါတမီငါဘုရားအားလှူဒါန်းခြင်းထက် သံဃိက သံဃာတော်များအား လှူဒါန်းခြင်းက ပိုမိုအကျိုးစီးပွား ပွားများအပ်ပေသည်"ဟု မိန့်ကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရား၏ သာသနာတော်ကို အရှည်ခံ့၍ တည်တံ့ရန်မှာ မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်များကို ပရိယတ္တိစာပေဖြင့် ထိန်းသိမ်းခြင်းသည် ပိုမိုအဓွန့်ရှည်ကြာစေပါသည်။ ပရိယတ္တိကို ကြိုးစားအားထုတ်မည့် ပုဂ္ဂိုလ်များမှာ သံဃာတော်များဖြစ်ခြင်းကြောင့် သံဃာတော်များအားဆည်းကပ်ကိုးကွယ်ချီးမြှောက်ခြင်းသည် မြတ်ဗုဒ္ဓ၏သာသနာကို အဓွန့်ရှည်ကြာအောင် ပြုစုစောင့်ရှောက်ခြင်းမည်သည့်အတွက် ကုသိုလ်တရား လွန်စွာများပြားလှပါသည်။

အချို့သောနိုင်ငံတို့တွင် ပဋိပတ္တိအကျင့်တရား အားထုတ်သူများရှိခဲ့သဖြင့် ရှေးယခင်က ဈာန်တန်ခိုးအဘိညာဉ်ရရှိသူ အများအပြားရှိခဲ့သော်လည်း ပရိယတ္တိစာပေနှင့် သံဃာတော်ကို အားပေးချီးမြှောက်သူ တဖြည်းဖြည်းလျော့နည်းကျဆင်းလာသဖြင့် ဗုဒ္ဓသာသနာသည် ပျောက်ကွယ်လုမတတ် မှေးမှိန်လာခဲ့ရပါသည်။

မြန်မာနိုင်ငံတွင်မူ ကိုယ်တိုင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့် ပဋိပတ္တိအားထုတ်သော ပုဂ္ဂိုလ်များရှိသကဲ့သို့ ဗုဒ္ဓသာသနာတော်ကြီးအရှည်ခံ့၍ တည်တံ့ပြန့်ပွားစေရန် ရည်သန်၍ ပရိယတ္တိသာသနာတော် ကြိုးပမ်းအားထုတ်နေသော သံဃာတော်များကို ပစ္စည်းလေးပါးဖြင့် လိုလေသေးမရှိ လှူဒါန်းပြုစု စောင့်ရှောက်ကြသော ဒါယကာ၊ ဒါယိကာမများရှိနေခြင်းကြောင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာသည် ယခုထက်တိုင် နေလို လလို ထွန်းလင်းတောက်ပနေခြင်းဖြစ်ပါသည်။

✻ ပြိုင်ပွဲကျင်းပရေးမှ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါလျက် စိုက်ပျိုးရေးသုတေသနစုဝေးခန်းမ၌ ဝါသနာရှင်အဆင့် တေးစာသားအား သံစဉ်ထည့်သွင်း၍ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဝါသနာရှင်အဆင့် အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ဂီတပညာရှင်ကြီးများနှင့် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ အခြေခံပညာအဆင့် (၁၅-၂၀)နှစ် အမျိုးသမီးစောင်းအတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး ပတ္တလား အတီးပြိုင်ပွဲကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သစ်တောသုတေသနဌာနသို့ ရောက်ရှိကြပြီး ဝါသနာရှင်အဆင့် (ဒုတိယတန်း) မယ်ဒလင်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးကြသည့် ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသား ယဉ်ကျေးမှုကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ညနေ ၃နာရီတွင် ရေဆင်းမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ပိဋကတ်သုံးပုံမြေ သံဃာတော်များအား ပစ္စည်းလေးပါး ဆက်ကပ်လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၁

(၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ကြွရောက်ဖြေဆိုတော်မူကြမည့် သာသနာ့အာဇာနည်လောင်းလျာ စာပြန်စာဖြေသံဃာတော်များအား တိပိဋက ဓမ္မရက္ခိတ အဖွဲ့ကြီးက ကြီးမှူး၍ ပစ္စည်းလေးပါးလှူဒါန်းပူဇော်ပွဲကို နိုဝင်ဘာ ၁၈ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၈ရက်အထိ ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်သည်။ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းလိုကြသည့် အလှူရှင်များသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် အမှတ်(၁၅)၊ ကြားတောရလမ်းရှိ အဖွဲ့ဗိမာန်တော်ခန်းမသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၃၈၂၁၁၁နှင့် ၂၄၈၂၂၄တို့သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန မိသားစု မဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန မိသားစု ဒုတိယအကြိမ်မြောက် မဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲကို အောက်တိုဘာ ၂၀ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းရှိ ဦးစီးဌာနဗဟိုရုံး ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြိုင်ပွဲသို့လာရောက်ကြည့်ရှုအားပေးသော ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဝန်ထမ်းမိသားစု ကထိန်သင်္ကန်း ကပ်လှူပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အားအမှူးထား၍ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့်ဇနီး ဒေါ်စမ်းစမ်းလွင်တို့က ကြီးမှူး၍ ဝန်ထမ်းမိသားစု၏ ကထိန်သင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ ဂိုဏ်းထောက်ကျောင်းတိုက်၌ ကျင်းပသည်။

ကထိန်သင်္ကန်း ကပ်လှူပွဲ အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆဋ္ဌသံဂီတိ ဘာဏက ဆုတောင်းပြည့်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယ အမှူးပြုတော်မူသော ပင့်သံဃာတော်များနှင့် ဂိုဏ်းထောက်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉတ္တမတို့ ကြွရောက်တော်မူကြပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီးဇော်မင်းဦး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယအထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဝန်ထမ်းမိသားစုများ၊ နေပြည်တော်ပုံနှိပ်စက်ရုံမှ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ပါဠိဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ပရိသတ်တို့ကငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တော်တို့ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်

ဆက်လက်၍ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့ ကိုယ်စား ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ပါဠိဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ထံ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီးဇော်မင်းဦး၊ဒုတိယအထွေထွေမန်နေဂျာ (စာရင်း) ဦးမြမောင်၊ ဒုတိယအထွေထွေမန်နေဂျာ (ထုတ်လုပ်) ဦးမောင်ဝင်းနှင့် ဧည့်သည်တော်တို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပါဠိဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိက အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဝန်ထမ်းမိသားစုများ၏ ကထိန်သင်္ကန်းကပ်လှူပွဲကို ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ ဂိုဏ်းထောက်ကျောင်းတိုက်၌ ကျင်းပရာ တက်ရောက်လာသူများက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)





ကမ္ဘောဒီးယားဘော်လီဘောအဖွဲ့ချုပ် အစည်းအဝေးတက်ရန် ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၁

ဂျပန်နိုင်ငံ တိုကျိုမြို့၌ အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် အကြိမ်(၃၀)မြောက် ကမ္ဘာ့ ဘော်လီဘောအဖွဲ့ချုပ် အစည်းအဝေးသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းသည် အောက်တိုဘာ ၂၁ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။ (ကြေးမုံ)

ရေရှည်တည်တည်တံ့တံ့နှင့် အကျိုးဖြစ်ထွန်းမည့် စီးပွားရေးလုပ်ငန်းကို စွဲစွဲမြဲမြဲ တီထွင်ကြံဆလုပ်ကိုင် သိက္ခာသမာဓိရှိသည့်၊ ကမ္ဘာကိုတက်လှမ်းယှဉ်ပြိုင်အားရှိသည့် စီးပွားရေးလုပ်ငန်းရှင်များဖြစ်ရန် မျှော်မှန်းချက်ထားရန်လို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းရှင်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

❖ **မိမိတို့နိုင်ငံမှ**

ယင်းမျှော်မှန်းချက်များကို နိုင်ငံတော်အစိုးရအပိုင်းနှင့်လုပ်ငန်းရှင်များအပါအဝင် ဖြစ်သည့် ပြည်သူများအပိုင်းက တက်ညီလက်ညီ ပူးပေါင်းအကောင်အထည် ဖော်ကြရမှာဖြစ်ကြောင်း။

ထို့ကြောင့်ယနေ့ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးဘဝအခြေ ခိုင်ခိုင်မာမာ၊ လမ်းကြောင်းမှန်မှန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဖော်ကိုင်ဖက်အချင်းချင်း တွေ့ဆုံအားလောင်းခြင်း၊ အာညှိခြင်းဖြစ်သည်ဟု ပဏာမပြောကြားလိုကြောင်း။

ယနေ့တိုင်းပြည်၏ စီးပွားရေးဘဝကို ကြည့်မည်ဆိုလျှင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ကျယ်ကျယ်ပြန့်ပြန့် ရပ်တည်ပါဝင်နေကြောင်း၊ တိုင်းပြည်၏ အမျိုးသားစီးပွားရေးအခြေအနေ တိုးတက်လာနေသကဲ့သို့ ပုဂ္ဂလိကစီးပွားရေးအနေအထားသည်လည်း တိုးတက်လျက်ရှိကြောင်း၊ ဥပမာအားဖြင့် ကောက်နုတ်ကြည့်မယ်ဆိုလျှင်-

နိုင်ငံတော်၏ ဂျီဒီပီတန်ဖိုးပမာဏသည် နှစ်အလိုက်ဈေးနှုန်းအရ ၁၉၈၈-၈၉ ခုနှစ်၌ ကျပ် ၇၆ ဘီလီယံကျော်ရှိရာမှ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ကျပ် ၁၂၁၆၂ ဘီလီယံခန့်အထိ ဖြစ်ပေါ်လာကြောင်း။

ထို့အတူ လူတစ်ဦးစီ၏ ပျမ်းမျှဝင်ငွေသည် ၁၉၈၈-၈၉ခုနှစ်၌ ကျပ် ၁၉၄၀ရှိခဲ့ရာမှ ၂၀၀၅-၂၀၀၆ခုနှစ်မှာ ကျပ် ၂၂၀၀၀၀ ကျော်အထိ တိုးတက်လာကြောင်း၊ အလားတူနိုင်ငံတော်၏ ဂျီဒီပီ၌ ပုဂ္ဂလိကကဏ္ဍပါဝင်မှု အချိုးအစားမှာလည်း ၁၉၈၈-၈၉ ခုနှစ်တွင် ၇၁ ရာခိုင်နှုန်းကျော်ရှိခဲ့ရာမှ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော်အထိ မြင့်မြင့်မားမား ပါဝင်လာလျက်ရှိကြောင်း။

ခြုံလိုက်လျှင် နိုင်ငံတော်၏ ဂျီဒီပီမှာရော၊ ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ စသည့်စီးပွားရေးကဏ္ဍတစ်ခုချင်းမှာပါ ပုဂ္ဂလိကပိုင်ဆိုင်မှုသည် မြင့်မြင့်မားမား တိုးချဲ့ပါဝင်လျက်ရှိကြောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက ငွေကြေးအရင်းအနှီးအရ၊ လုပ်ငန်းအတွေ့အကြုံအရ အင်အားရှိသည့် လုပ်ငန်းရှင်ဆိုပြီး မယ်မယ်ရရ မရှိခဲ့ရာမှ ယနေ့အခါမှာဆိုလျှင် နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒများ၏ အကျိုးပြုမှုကြောင့် တိုင်းရင်းသားလုပ်ငန်းရှင်မျိုးစုံသည် လယ်ယာလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းအမျိုးမျိုးမှာရပ်တည်ဖွံ့ဖြိုးလာနေပြီဖြစ်ကြောင်း၊ ပုဂ္ဂလိကစီးပွားအခွင့်အလမ်းပွင့်လာသည်နှင့်အမျှ တစ်ဦးချင်းကြိုးစားမှု၊ စွန့်စားမှုတို့အပေါ်မှီပြီး လုပ်ငန်းရှင်များအဖြစ် ထည်ထည်ဝါဝါ ရပ်တည်လာနိုင်ခြင်းမှာ နိုင်ငံတော်အတွက် အားတက်ဖွယ်ရာ ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

ယနေ့အရင်းအနှီးနှင့် စီမံခန့်ခွဲမှုစွမ်းအားရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တိုင်းပြည်၏စီးပွားရေး အရှည်သဖြင့် ဖွံ့ဖြိုးတိုးတက်နေရေးကို မျှော်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၌ တိုးချဲ့မြှုပ်နှံလုပ်ကိုင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တိုင်းပြည်၏ သဘာဝသယံဇာတအခြေအနေအရ လယ်ယာ၊ သားငါး၊ စက်မှု၊ သစ်တော စသည်ဖြင့် အလားအလာကောင်းသည့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များစွာရှိကြောင်း၊ ယင်းစီးပွားရေး နယ်ပယ်များ၌ ပုဂ္ဂလိကများက တိုးချဲ့ရင်းနှီးမြှုပ်နှံသင့်ကြောင်း၊ ယင်းစီးပွားရေးကဏ္ဍများ၌ ပုဂ္ဂလိကကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး၊ အခြေခံကုန်ကြမ်းပစ္စည်းများသာမက တန်ဖိုးမြှင့်တင်ထားသော ကုန်ချောပစ္စည်းများ၊ အမယ်သစ်ပို့ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်မှသာ ကုန်သွယ်မှုလုပ်ငန်းသည်လည်း ပိုမိုဖွံ့ဖြိုးကျယ်ပြန့်လာမှာဖြစ်ကြောင်း၊ ကုန်သွယ်မှုဖွံ့ဖြိုးလာသည်နှင့်အမျှ ကုန်ထုတ်လုပ်မှုကဏ္ဍသည်လည်း ထပ်ဆင့်တိုးတက်လာမှာဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် အပြန်အလှန် ဆက်စပ်အကျိုးပြုနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ကုန်ထုတ်လုပ်မှုကို အလေးထားအားပေးလျက်ရှိသည့်နည်းတူ ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးလာအောင်လည်း အခွင့်အလမ်းကောင်းများ ဖန်တီးပေးလျက်ရှိကြောင်း။

အချို့နိုင်ငံများ၏ အခြေအနေကိုကြည့်လျှင် ကုန်ထုတ်လုပ်ငန်းများ ထူထောင်လုပ်ကိုင်ရန် သယံဇာတပစ္စည်းမရှိသဖြင့်၊ ကုန်သွယ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းကိုပဲအထူးပြုပြီး ကြီးပွားချမ်းသာလျက်ရှိသည့် နိုင်ငံများရှိနေသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရေမြေအခြေအနေမှာ ကုန်ထုတ်လုပ်ငန်းရော၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းတို့ပါ လုပ်ကိုင်နိုင်ကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး ပထဝီအနေအထားကောင်းအရ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခင်းကျင်းပြသထားသော ပြည်ပပို့ကုန် သစ်သီးဝလံများ၊ တီထွင်ထုတ်လုပ်ထားသော စားသောက်ကုန်များ၊ ကုန်ချောထုပ်ပိုးပစ္စည်းများ၊ ဆန်နှင့်ဆန်ထွက်ပစ္စည်း အခြေခံစားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံ အခြေခံစားသောက်ကုန်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အာဆီယံနိုင်ငံများနှင့် ဘင်းစတက်နိုင်ငံများအကြား အချက်အခြာနေရာတွင်ရှိပြီး စီးပွားရေးပေါင်းကူးသဖွယ် လုပ်ကိုင်နိုင်ကြောင်း၊ လူဦးရေများပြားပြီး ဈေးကွက်ကြီးမားသည့် နိုင်ငံများအကြား၌လည်းရှိကြောင်း။

ထို့ကြောင့် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် မိမိအားသန်ရာ၊ စိတ်ဝင်စားရာလုပ်ငန်းများကို ရွေးချယ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းကောင်းရှိပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း ကူညီစောင့်ရှောက်သွားမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ဆန်စပါး၊ဝါ၊ကြံ စသည့် စိုက်ပျိုးရေးထွက်ကုန်သီးနှံများကိုလည်း ဝင်ရောက်ကန့်သတ်ဝယ်ယူခြင်း လုံးဝမပြုတော့ဘဲ ပုဂ္ဂလိကများအား လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ထို့အတူ ရော်ဘာ၊ အစေ့ထုတ်ပြောင်း၊ နှမ်း၊ ကြက်သွန်နီတို့ကိုလည်း ပြည်ပတိုးချဲ့တင်ပို့ခွင့်ပေးလျက်ရှိကြောင်း။

ပို့ကုန်၊သွင်းကုန် လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်းပြီး ရုံးအဆင့်ဆင့် မသွားရအောင်၊ စာရွက်စာတမ်းပုံစံအမျိုးမျိုး မဖြည့်ရအောင် စီမံထားရှိသကဲ့သို့ (One Stop Service) ဝီပြင်အောင်လည်း ကြိုးပမ်းစီမံ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းကို ရန်ကုန်ပင်လယ်ထွက်ပေါက်တစ်ခုတည်းမှ မဟုတ်တော့ဘဲ နယ်စပ်ဒေသများမှတစ်ဆင့် ကုန်းလမ်းထွက်ပေါက်များအတိုင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းကို တိုးချဲ့ဖွင့်လှစ်ပေးထားကြောင်း။

နယ်စပ်ကုန်သွယ်ရေးစနစ်မှာ နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်ဒေသများအကြား တစ်နိုင်တစ်ပိုင် စားသုံးရေးအတွက်သာ အပြန်အလှန်ထားရှိသင့်သည်မျိုးဖြစ်ပြီး၊ ပိုမိုကျယ်ပြန့် ကြီးမားလာသည့် ကုန်သွယ်မှုပမာဏကိုမူ နိုင်ငံတကာကျင့်သုံးမြဲဖြစ်သည့် ပုံမှန်ကုန်သွယ်မှုစနစ်အတိုင်း ပြောင်းလဲလုပ်ကိုင်သွားကြရမှာ ဖြစ်ကြောင်း၊ သို့မှလည်း ကုန်သွယ်ဖက်နိုင်ငံအချင်းချင်းအပြန်အလှန်အကျိုးရှိနိုင်ပြီး ကုန်သွယ်မှုလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးနိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် နယ်စပ်ကုန်သွယ်ရေးစနစ်ဖြင့်သာအကျွမ်းဝင်နေသည့် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များကိုလည်း ပုံမှန်ကုန်သွယ်ရေးစနစ်ကို ပြောင်းလဲလုပ်ကိုင်တတ်အောင် နိုင်ငံတော်အပိုင်းက ပံ့ပိုးကူညီသင်ကြားပေးလျက်ရှိကြောင်း။

အထူးသဖြင့် မှာကြားလိုသည်မှာ **ပို့ကုန်သွင်းကုန် လုပ်ငန်းများကို တိုးချဲ့ဖွင့်လှစ်ပေးထားသည့် တရားဝင်လမ်းကြောင်းများအတိုင်း ရိုးရိုးသားသား စည်းကမ်းတကျ လိုက်နာလုပ်ကိုင်ကြရန်ဖြစ်ကြောင်း၊ ဥပဒေစည်းမျဉ်းစည်းကမ်းဖောက်ဖျက်မှု၊ တရားမဝင်မှောင်ခိုကုန်သွယ်မှုမျိုး မလုပ်မိရန် အရေးကြီးကြောင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းလိုက်နာသူများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်က ကာကွယ်စောင့်ရှောက်သွားမှာသာ ဖြစ်ကြောင်း။**

တိုင်းပြည်၏ ပို့ကုန်၊ သွင်းကုန်လုပ်ငန်း မြန်ဆန်သွက်လက်လာသည်နှင့်အမျှ **နိုင်ငံတော်၏ ပြည်ပကုန်သွယ်မှုပမာဏဟာ တစ်နှစ်ထက်တစ်နှစ် များပြားလာသည့်အပြင် ၂၀၀၂-၂၀၀၃ ခုနှစ်မှစပြီး နိုင်ငံခြားကုန်သွယ်မှုရှင်းတမ်း၌ ပို့ကုန်တန်ဖိုးသည် သွင်းကုန်တန်ဖိုးထက် ပိုမိုများပြားလာသည့်အတွက် နှစ်စဉ်ကုန်သွယ်မှုပိုငွေများ ပြလျက်ရှိသည်အထိ အောင်မြင်လျက်ရှိကြောင်း။**

ယခင်က နိုင်ငံတော်၏ ပြည်ပကုန်သွယ်မှုပမာဏမှာ ဒေါ်လာသန်း ၁၀၀၀အထိရှိရန်ပင် မလွယ်ကူခဲ့သလို သွင်းကုန်က ပို့ကုန်ထက်များပြီး အမြဲလိုငွေပြခဲ့ကြောင်း၊ ယခုအခါ ကုန်သွယ်မှု ပမာဏ ဒေါ်လာသန်း ၅၀၀၀ကျော်အထိ ရှိလာပြီး ယခုနှစ် ၂၀၀၆-၂၀၀၇ခုနှစ်မှာ ဒေါ်လာသန်း ၇၀၀၀ခန့်အထိ ဖြစ်ပေါ်လာနိုင်သည့် အလားအလာများရှိနေကြောင်း။

ပို့ကုန်သွင်းကုန်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို စိစစ်လမ်းကြောင်းပေးလျက်ရှိသော ကုန်သွယ်မှုမူဝါဒကောင်စီကလည်း အစည်းအဝေးကို ပုံမှန်ကျင်းပပြီး တင်ပြချက်များကို စိစစ်ခွင့်ပြုလျက်ရှိသည့်နည်းတူ လုပ်ငန်းရှင်များအား ရင်းနှီးမြှုပ်နှံမှု မမှားစေရေး၊ ပို့ကုန်ပစ္စည်းများ ဈေးနှုန်းမှန်ရရှိစေရေး၊ အမယ်သစ်ပို့ကုန်များတိုးတက်တင်ပို့ရေး၊ ဈေးကွက်ကျယ်ပြန့်စွာ ရရှိရေးတို့အတွက် အသိပေးလမ်းညွှန်မှုများ ပြုလျက်ရှိကြောင်း၊ နိုင်ငံတော်သည် မိမိပြုစုပျိုးထောင်ထားသည့် စီးပွားရေးလုပ်ငန်းရှင်များ အရင်းအနှီးမဆုံးရှုံးစေဘဲ မှန်မှန်ကန်ကန်ကြီးပွားစေရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်ဝန်[ကြ...]
စစ်ကိုင်းတိုင်းကိုယ်[...]
ယှဉ်ပြိုင်တင်[...]

နေ[...]

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယ[...]
ရုပ်သေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်း ကိုယ်[...]
ပထမနေ့အဖြစ် နေပြည်တော်ရှိ မွေးမြူ[...]
ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အ[...]
ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသ[...]

ကုန်ပစ္စည်းအမျိုးအစား[...]
ဈေးကွက်ကို ပိုင်ပိုင်နိုင်နိုင် [...]
ထိန်းကျောင်းပြီး ပြည်ပဈေးကွ[...]
တင်ပို့ရောင်းချနိုင်အောင်၊ ထို[...]
စဉ်းစားလုပ်ကိုင်ကြရ၊ လက်ငင်[...]
ရေရှည်တည်တံ့ အကျိုးဖြစ်ထွ[...]
လောဘသားကောင်ဖြစ်ခဲ့မှုများ[...]
လုပ်ရပ်များကို ကြုံခဲ့ကြရ၊ ကျေ[...]

မိမိတို့၏ လုပ်ငန်းရှင်အများစုမှာ [...]
ရောင်းရေးဝယ်တာ လုပ်ငန်းမျိုးကိုသာ ပိုမ[...]
ရှိနေဆဲဖြစ်ကြောင်း၊ ရောင်းရေးဝယ်တာ[...]
အပေါ် မျှော်မှန်းချက်ထားပြီး တစ်ဦးချင်း[...]
လုပ်ကိုင်ခြင်းမျိုးဖြစ်၍ ကုန်သွယ်မှုလုပ်ငန်[...]
ကြောင်း၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုလ[...]

ကုန်ပစ္စည်းအမျိုးအစားအလိုက်[...]
ကုန်သည်များအနေဖြင့် ထုတ်လုပ်မှုနယ်[...]
နားလည်ထိန်းကျောင်းကြရမှာဖြစ်ကြောင်း[...]
သင့်တင့်မျှတစွာ ထိန်းကျောင်းပြီး ပြည်ပ[...]
ပြည်တွင်းစားသုံးမှုဖူလုံရေးကို မထိခိုက်[...]
နိုင်အောင်၊ ထိုက်တန်သော ပေါက်ဈေး[...]
စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစား[...]
အကျိုးအမြတ်ရရှိရေးအတွက် ဆူလွယ်နပ်[...]
မဖြစ်ဘဲ ရေရှည်တည်တံ့ အကျိုးဖြစ်ထွန်[...]
လုပ်ကိုင်ကြရပါကြောင်း၊ ဖြတ်လမ်းလိုက[...]
သားကောင်ဖြစ်ခဲ့မှုများ၊ လွန်လွန်ကဲကဲ [...]
လိမ်လည်မှု စသည့်ဥပဒေနှင့် မညီညွတ်[...]
ကျော်လွှားခဲ့ကြရပြီးဖြစ်ကြောင်း၊ ၂၀၀၅ ခုနှ[...]
ဖြစ်ခဲ့သလို ရန်ကုန်ဆိပ်ကမ်းနှင့် မူဆယ်နယ်[...]
ဝန်ထမ်းများအား မမှန်မကန် လုပ်ဆော[...]
ရှိခဲ့ပြီးဖြစ်ကြောင်း။

လုပ်ပိုင်ခွင့်ရှိသည့် အကျင့်ပျက်ဝန်[...]
လက်ဆောင်ပေးပြီး ပုဂ္ဂိုလ်ရေးဆန်ဆန် [...]
နိုင်ငံတော်အစိုးရ၏ မူဝါဒအရ၊ ဥပဒေအရ[...]
အပြည့်အဝ ရယူခံယူသင့်ကြောင်း။

ယနေ့ ခေတ်သစ်၊ စနစ်သစ်နှင့်အ[...]
မွေးပြီး ရေရှည်တည်တည်တံ့တံ့နှင့် အကျိ[...]

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်မှု ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၁

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ "သဒ္ဒါသုမနဇာတ်တော်ကြီး" ရုပ်သေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်း ကိုယ်စားပြု ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့ ရုပ်သေးပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် ပထမနေ့အဖြစ် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဥ္စကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ တက်ရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှု

အဆိုပါရုပ်သေးပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်ရာသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော်သို့ လေ့လာရေးခရီး ရောက်ရှိနေကြသည့် ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်များ၊နေပြည်တော် အနီးဝန်းကျင်ရှိ ခရိုင်နှင့်မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံ ပြည်သူများ၊ ရုပ်သေးအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

အကဲဖြတ်

အဆိုပါပြိုင်ပွဲတွင် ရုပ်သေးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးချစ်စံဝင်း၊ အတွင်းရေးမှူး ဦးရွှေကြည်နှင့် အဖွဲ့ဝင်များက အမှတ်ပေးအကဲဖြတ်ကြသည်။

ပြိုင်ပွဲတွင် ဦးအောင်ဇော်မြင့် ဦးစီးသော မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် တွဲဖက်၍ ရွှေမန်းကျော်မြင့် ဦးဆောင်သော ဆိုင်ပြော အနုပညာရှင်များ၊ ဦးစိန်မောင်ဝင်း ဦးဆောင်သော ကြိုးဆွဲပညာရှင်များက သဒ္ဒါသုမနဇာတ်တော်လာ စိတ်ရင်း၊ စေတနာမှန်သူသည် ဘေးအန္တရာယ်အသွယ်သွယ်ကို ကျော်လွှားလွန်မြောက်အောင်မြင်နိုင်ခြင်း၊ အလှူဒါန၏ အကျိုးတရားသည် ပစ္စုပ္ပန်ဘဝ၌ပင် အကျိုးတရားကို ဖြစ်ထွန်းစည်ပင်စေခြင်း၊ ပေး၍မကုန် လှူ၍မခန်းဟူသော ဓမ္မတရားကို လူတိုင်းလူတိုင်း သိမြင်နိုင်စေရန် ရုပ်သေးကြိုးဆွဲပညာရပ်များ၊ ဆိုင်ပြော ပညာရပ်များဖြင့် ရှုမငြီးဖွယ် ဖျော်ဖြေတင်ဆက်သွားသည်။

အောက်တိုဘာ ၂၂ ရက် ညတွင် ရန်ကုန်တိုင်း ကိုယ်စားပြု ထက်အာကာ ရုပ်သေးရုပ်စုံအဖွဲ့ ယှဉ်ပြိုင်တင်ဆက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ သဒ္ဒါသုမန ဇာတ်တော်ကြီး ရုပ်သေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်း ကိုယ်စားပြု ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သဒ္ဒါသုမန ရုပ်သေးဇာတ်တော်ကြီး အခမဲ့ ကြည့်ရှုနိုင်

နေပြည်တော် အောက်တိုဘာ ၂၁

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရုပ်သေး "သဒ္ဒါသုမန ဇာတ်တော်ကြီး"ကို ရေဆင်း တက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဆက်လက်ယှဉ်ပြိုင်ကြရာ မည်သူမဆို အခမဲ့ ကြည့်ရှုနိုင်ကြောင်းနှင့် အောက်တိုဘာ ၂၂ ရက်တွင် ရန်ကုန်တိုင်း ထက်အာကာ ရုပ်စုံစင်တော်ကြီးအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုန်ပစ္စည်းအမျိုးအစားအလိုက် အစဉ်တစိုက်လုပ်ကိုင်နေသည့် ကုန်သည်များအနေဖြင့် ထုတ်လုပ်မှုနယ်ပယ်နှင့် ဈေးကွက်ကို ပိုင်ပိုင်နိုင်နိုင် နားလည်ထိန်းကျောင်းကြရမှာဖြစ်၊ ပြည်တွင်းဈေးကွက်အခြေအနေကို သင့်တင့်မျှတစွာ ထိန်းကျောင်းပြီး ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်အောင်၊ ပြည်တွင်းစားသုံးမှုဖူလုံရေးကို မထိခိုက်စေဘဲ ပြည်ပသို့ တင်ပို့ရောင်းချနိုင်အောင်၊ ထိုက်တန်သော ပေါက်ဈေးရရှိအောင်၊ ဈေးကွက်ခိုင်မာအောင် စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားလုပ်ကိုင်ကြရ၊ လက်ငင်း အကျိုးအမြတ်ရရှိရေးအတွက် ဆူလွယ်နပ်လွယ်နည်းလမ်းများဖြင့် လုပ်ကိုင်၍မဖြစ်ဘဲ ရေရှည်တည်တံ့ အကျိုးဖြစ်ထွန်းမည့် နည်းလမ်းကိုသာ ရွေးချယ်လုပ်ကိုင်ကြရ၊ ဖြတ်လမ်းလိုက်ပြီး အမှားကျူးခဲ့မှုများ၊ လောဘသားကောင်ဖြစ်ခဲ့မှုများ၊ လွန်လွန်ကဲကဲ ဈေးကစားမှုများ၊ လာဘ်ပေးမှု၊ လိမ်လည်မှု စသည့် ဥပဒေနှင့်မညီညွတ်သည့် လုပ်ရပ်များကို ကြုံခဲ့ကြရ၊ ကျော်လွှားခဲ့ကြရပြီးဖြစ်။

မိမိတို့၏ လုပ်ငန်းရှင်အများစုမှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများထက် ရောင်းရေးဝယ်တာ လုပ်ငန်းမျိုးကိုသာ ပိုစိတ်ဝင်စားသည့် အားနည်းချက်များ ရှိနေဆဲဖြစ်ကြောင်း၊ ရောင်းရေးဝယ်တာလုပ်ငန်းဆိုသည်မှာ အမြတ်ရနိုင်မှု အပေါ် မျှော်မှန်းချက်ထားပြီး တစ်ဦးချင်းတစ်နိုင်တစ်ပိုင် သင့်သလို တစ်ပွဲထိုး လုပ်ကိုင်ခြင်းမျိုးဖြစ်၍ ကုန်သွယ်မှုလုပ်ငန်းကဲ့သို့ ကျယ်ပြန့်မှု၊ စနစ်ကျနမှုမရှိကြောင်း၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုလည်း မလိုအပ်ကြောင်း။

ကုန်ပစ္စည်းအမျိုးအစားအလိုက် အစဉ်တစိုက် လုပ်ကိုင်နေသည့် ကုန်သည်များအနေဖြင့် ထုတ်လုပ်မှုနယ်ပယ်နှင့် ဈေးကွက်ကို ပိုင်ပိုင်နိုင်နိုင် နားလည်ထိန်းကျောင်းကြရမှာဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက်အခြေအနေကို သင့်တင့်မျှတစွာ ထိန်းကျောင်းပြီး ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်အောင်၊ ပြည်တွင်းစားသုံးမှုဖူလုံရေးကို မထိခိုက်စေဘဲ ပြည်ပသို့ တင်ပို့ရောင်းချနိုင်အောင်၊ ထိုက်တန်သော ပေါက်ဈေးရရှိအောင်၊ ဈေးကွက်ခိုင်မာအောင် စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားလုပ်ကိုင်ကြရကြောင်း၊ လက်ငင်း အကျိုးအမြတ်ရရှိရေးအတွက် ဆူလွယ်နပ်လွယ် နည်းလမ်းများဖြင့် လုပ်ကိုင်၍မဖြစ်ဘဲ ရေရှည်တည်တံ့ အကျိုးဖြစ်ထွန်းမည့် နည်းလမ်းကိုသာ ရွေးချယ်လုပ်ကိုင်ကြရပါကြောင်း၊ ဖြတ်လမ်းလိုက်ပြီး အမှားကျူးခဲ့မှုများ၊ လောဘသားကောင်ဖြစ်ခဲ့မှုများ၊ လွန်လွန်ကဲကဲ ဈေးကစားမှုများ၊ လာဘ်ပေးမှု၊ လိမ်လည်မှု စသည့်ဥပဒေနှင့် မညီညွတ်သည့် လုပ်ရပ်များကို ကြုံခဲ့ကြရ၊ ကျော်လွှားခဲ့ကြရပြီးဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ် ပဲမျိုးစုံဈေးကွက်၌ လိမ်လည်မှုကြီးဖြစ်ခဲ့သလို ရန်ကုန်ဆိပ်ကမ်းနှင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းတို့၌လည်း ဝန်ထမ်းများအား မမှန်မကန် လုပ်ဆောင်မှုများဖြင့် အရေးယူခဲ့ရသည်များ ရှိခဲ့ပြီးဖြစ်ကြောင်း။

လုပ်ပိုင်ခွင့်ရှိသည့် အကျင့်ပျက်ဝန်ထမ်းများကို လာဘ်ပေး၊ တံစိုးလက်ဆောင်ပေးပြီး ပုဂ္ဂိုလ်ရေးဆန်ဆန် ရင်းနှီးပေါင်းဖက်မှုမျိုးမပြုလုပ်ဘဲ နိုင်ငံတော်အစိုးရ၏ မူဝါဒအရ၊ ဥပဒေအရ ကာကွယ်စောင့်ရှောက်မှုမျိုးကိုသာ အပြည့်အဝ ရယူခံယူသင့်ကြောင်း။

ယနေ့ ခေတ်သစ်၊ စနစ်သစ်နှင့်အတူ အတွေးသစ်၊ အမြင်သစ်တွေ မွေးပြီး ရေရှည်တည်တည်တံ့တံ့နှင့် အကျိုးဖြစ်ထွန်းမည့် စီးပွားရေးလုပ်ငန်းများကို စွဲစွဲမြဲမြဲ တီထွင်ကြံဆလုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ အကျိုးနှင့် ပုဂ္ဂလိကတစ်ဦးချင်း၏ အကျိုးကို မျှမျှတတချင့်ချိန်လုပ်ကိုင်တတ်ပြီး သိက္ခာသမာဓိရှိသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကမ္ဘာကိုတက်လှမ်းပြီး ယှဉ်ပြိုင်အားရှိသည့် စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ရန်အထိ မျှော်မှန်းချက်ထားရန် လိုအပ်ကြောင်း။

နိုင်ငံတော်အပိုင်းက ယနေ့ဆိုလျှင် ကျင့်ဝတ်သိက္ခာချိုးဖောက်မှု၊ ဖောက်လွဲဖောက်ပြန်မှု၊ လာဘ်ပေးလာဘ်ယူမှု စသည့် ပြည်သူအကြည်ညိုမဲ့စေသော လုပ်ရပ်များကို ရှောင်ကြဉ်နိုင်စွမ်းရှိသည့် သန့်ရှင်းစင်ကြယ်သည့် အစိုးရယန္တရားဖြစ်စေရေး၊ သွက်လက်ထက်မြက်သည့် အစိုးရယန္တရားဖြစ်စေရေးအတွက် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လျက်ရှိကြောင်း၊ အဖွဲ့အစည်း ဌာနအလိုက် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေသကဲ့သို့ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ စွမ်းရည်ကိုလည်း မြှင့်တင်လျက်ရှိကြောင်း။

ပုဂ္ဂလိကလုပ်ငန်းရှင်အပိုင်းကလည်း နိုင်ငံတော်၏ ဦးစီးဦးဆောင်မှု၊ ပြုပြင်ပြောင်းလဲမှုများကို နားလည်ခံယူပြီး စီးပွားရေးဆိုင်ရာ မမှန်မကန် လုပ်ရပ်များကို ရှောင်ကြဉ်ပြီး ပြုပြင်ပြောင်းလဲမှုများကို တစ်ဦးချင်းအလိုက်ရော၊ အသင်းအဖွဲ့အလိုက်ပါ တက်ညီလက်ညီ ဆောင်ရွက်သင့်ကြောင်း။

ဆန်ပေါ်ချိန်ဆန်၊ ပဲပေါ်ချိန်ပဲ၊ နှမ်းပေါ်ချိန်နှမ်း စသည်ဖြင့် အကျိုးအမြတ်ရရာရကြောင်း မျှော်မှန်းပြီး တစ်ပွဲထိုးဝင်ရောက်ပြီး ဈေးနှုန်းကစားခြင်းမျိုး မဖြစ်စေရေး၊ ပြည်တွင်းကုန်သွယ်မှု တည်ငြိမ်စေရေး၊ ကုန်ဈေးနှုန်းများ မှန်ကန်တည်ငြိမ်စေရေးတို့ကို ဝိုင်းဝန်းထိန်းကျောင်းကြရန် လိုအပ်ကြောင်း။

ပို့ကုန်သွင်းကုန်လျှောက်ထားရာ၌လည်းကောင်း၊ လက်တွေ့ကုန်ပစ္စည်း တင်ပို့၊တင်သွင်းရာ၌လည်းကောင်း မမှန်မကန်လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပြုလုပ်မိကြရန်လည်း အရေးကြီးကြောင်း။

စုပေါင်းဦးဆောင်မှုနှင့် တစ်ဦးချင်း တာဝန်ယူမှု စသည့် အလေ့အထကောင်းကို ထူထောင်နိုင်ရေးအတွက် မိမိတို့လုပ်ငန်းအလိုက် ဖွဲ့စည်းထားပြီးသော အသင်းအဖွဲ့များ ရှင်သန်ခိုင်မာအောင် ပြုစုပျိုးထောင်ကြရမှာဖြစ်ကြောင်း၊ အသင်းအဖွဲ့၏ ကြပ်မတ်လမ်းညွှန်မှုကို တစ်ဦးချင်း၊ ကုမ္ပဏီတစ်ဖွဲ့ချင်းက နာခံ၍ ညီညီနှိုင်းနှိုင်းလုပ်ကိုင်သွားကြရန် အထူးအရေးကြီးကြောင်း။

စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် တစ်ရပ်ဖြစ်သည့် နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေးဆိုသည့် မှန်မြတ်သည့် ဦးတည်ချက်ကို အလေးအနက် ခံယူကျင့်သုံးကြရန်ဖြစ်ကြောင်း။

ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာ၌လည်းကောင်း၊ ထိန်းသိမ်းစောင့်ရှောက်ရာ၌လည်းကောင်း၊ အင်အားတောင့်တင်းသော စီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာတတ်များက ရှေ့ဆောင်ရှေ့ရွက်ပြုရမည်ဖြစ်ရာ မိမိတို့ကိုယ်တိုင် မိမိတို့၏စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ အမြော်အမြင်ရှိရှိ၊ အရည်အသွေးရှိရှိ လုပ်ကိုင်တတ်သော လုပ်ငန်းရှင်များ၊ ရိုးသားဖြောင့်မတ်ပြီး အများက လေးစားသည့် လုပ်ငန်းရှင်များဖြစ်အောင် အမြဲဆင်ခြင်သုံးသပ်ကြိုးစားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေး လုပ်ငန်းအစီအစဉ်များကို လက်တွေ့အကောင်အထည်ဖော်ရာ၌ စီးပွားရေးလုပ်ငန်းရှင်အားလုံးက နားလည်မှုရှိရှိ၊အသိတရားရှိရှိဖြင့် တက်တက်ကြွကြွ ပူးပေါင်းအကောင်အထည်ဖော်ကြရမှာဖြစ်ကြောင်း၊ တိုင်းပြည်၌ တည်ငြိမ်သော နိုင်ငံရေးအခြေအနေကောင်း၊ ဖွံ့ဖြိုးအားကောင်းသော စီးပွားရေးအခြေအနေကောင်း၊ ပညာအရည်အသွေးနှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုရှိသော လူ့စွမ်းအားအရင်းအမြစ်ကောင်းတို့ကို ပြုစုပျိုးထောင်ရာ၌ နိုင်ငံတော်အစိုးရနှင့်အတူ အလွှာပေါင်းစုံမှ ပြည်သူအားလုံး တစ်လုံးတစ်စည်းတည်း ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမြင်ကျယ်ကျယ်ဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်အောင် ကြိုးစားကြပါ၊ တိုင်းပြည်နှင့်လူမျိုးကိုချစ်သည့် မှန်မြတ်သောစိတ် အမြဲကိန်းအောင်း ခိုင်မြဲနေအောင် မိမိကိုယ်ကို ပြုစုပျိုးထောင်ပါ၊ အချင်းချင်းနားလည်မှု၊ စာနာမှု၊ သည်းခံမှု၊ ညီညွတ်မှု စသည့် စိတ်ရင်းကောင်းများ မွေးမြူပြီး မိမိကိုယ်တိုင်ပါဝင်လျက်ရှိသည့် အသင်းအဖွဲ့များ တိုးတက်ရာတိုးတက်ကြောင်းကို တာဝန်သိသိ စောင့်ရှောက်ပါဟု မှာကြားလိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ကုန်သည်/စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများ၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းရှင်များ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအခမ်းအနား မစတင်မီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆွေးနွေးပွဲခန်းမရှေ့၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ ပြည်ပပို့ကုန် သစ်သီးဝလံများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးရေးဌာနက စမ်းသပ်တီထွင်ထုတ်လုပ်ထားသော စားသောက်ကုန်များ၊ Sun Tree Agricultural Produce Trading Co., Ltd. ၏ ပြည်ပသို့ တင်ပို့လျက်ရှိသော သစ်သီးဝလံများ၊ Shwe Mi Industrial Co., Ltd. ၏ ကုန်ချောထုပ်ပိုး ပစ္စည်းများ၊ မြန်မာနိုင်ငံစိုက်ပျိုးရေးအခြေခံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းက ထုတ်လုပ်သော ဆန်နှင့်ဆန်ထွက် ပစ္စည်းအခြေခံစား သောက်ကုန်များ၊ ပဲနှင့် ပဲထွက်ပစ္စည်း အခြေခံစားသောက်ကုန်များ၊ ဂျုံနှင့်ဂျုံထွက်ပစ္စည်း အခြေခံစားသောက်ကုန်များ၊ ဆီနှင့်ဆီထွက်ပစ္စည်း အခြေခံစားသောက်ကုန်များ၊ သကြားနှင့် ကြံသကာ အခြေခံ စားသောက်ကုန်များ၊ စားဖိုဆောင်သုံး သီးနှံ အခြေခံစားသောက်ကုန် နမူနာများကိုလည်းကောင်း၊ လုပ်ငန်းရှင်များ ထုတ်လုပ်သော အချိုရည်မျိုးစုံ၊ အခြေခံစားသောက်ကုန်များ၊ မုန့်ဖုတ်လုပ်ငန်း အခြေခံစားသောက်ကုန်များ၊ ကော်ဖီ၊ လက်ဖက်၊ ချိုချဉ်နှင့် သားရေစာ၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံ အခြေခံစားသောက်ကုန်များကိုလည်းကောင်း၊ နေ့စဉ် ပြည်တွင်းပြည်ပ သီးနှံဈေးနှုန်းများ၊ ကုန်သွယ်မှုနှင့် သက်ဆိုင်သော ပြည်တွင်းပြည်ပသတင်းများ ရုပ်မြင်သံကြားဖြင့် ပြသထားမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် တာဝန်ရှိသူများက ရှင်းလင်း ပြသကြသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို တနင်္သာရီတိုင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တိုင်းလုံးကျွတ် ဖွင့်လှစ်ပြီးစီးခြင်း အောင်ပွဲနှင့် အလှူငွေ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ကက်ဆက်နှင့် စာအုပ် စာစောင် လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

❀ တနင်္သာရီတိုင်းမှ

ဤအခမ်းအနားသည် တနင်္သာရီတိုင်းရှိ ကျေးလက်နေပြည်သူများအတွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပြီးမြောက်အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း အထိမ်းအမှတ်ဖြစ်၍ အသိဉာဏ်၊ ဗဟုသုတ၊ အကြားအမြင်များ ပွင့်လင်းစေသဖြင့် ဗာဟုသစ္စဥ မင်္ဂလာနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါသည် ပြည်သူများ လိုလားတောင့်တနေသော တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိစေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒီမိုကရေစီစနစ်ထွန်းကားစေရန်အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ကြောင်း။

ယင်းအချိန်အခါမျိုးတွင် မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားပြည်သူများ၏ ပညာရည်မြင့်မားမှု၊ အသိအမြင်ဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာမှုစွမ်းအားများဖြင့် နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု စွမ်းအားတို့ကို ဟန်ချက်ညီညီပေါင်းစပ်ပြီး တစ်မျိုးသားလုံး တက်ညီလက်ညီ အားထုတ်ကြိုးစားကြမှသာ မိမိတို့ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များသည် ကျေးလက်ဒေသများတွင် လူနေမှုအဆင့်အတန်း နိမ့်ကျမှုများ၊ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုများ၊ ခေတ်နောက်ကျမှုများ ကင်းစင်ပြီး ပြည်သူများ လူတန်းစေ့ နေထိုင်နိုင်စေရန်ဆိုသည့် မြင့်မားသည့် ရည်မှန်းချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

လက်ရှိတိုးတက်နေသည့် ခေတ်ကိုမီအောင် လိုက်နိုင်ရန်အတွက် လူတိုင်းလူတိုင်း လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း၊ လူတိုင်း အသိပညာ ဗဟုသုတများ ကြွယ်ဝနေရမည်ဖြစ်ကြောင်း၊ တစ်နည်း လူသားစွမ်းရည်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်နေရမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်နေကြောင်း၊ ကျောင်းတွင်းပညာရေးသာမက စာတတ်သူတိုင်း စာဖတ်နိုင်အောင် လူအများစုနေထိုင်ရာဖြစ်သည့် ကျေးရွာများ၌လည်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ စာပေဖတ်ရှုခြင်းဖြင့် လူကို နူးညံ့ယဉ်ကျေးစေခြင်း၊ အတွေးအခေါ်မြင့်မားစေခြင်း၊ လူလူချင်း နားလည်စာနာတတ်အောင် သိမြင်စေခြင်းစတဲ့ အကျိုးကျေးဇူးများလည်း ရလာမည်ဖြစ်သောကြောင့်–

- **မှတ်ဖွယ်မှတ်ရာစာအုပ်စာပေများကို အစဉ်အလေ့လာဖတ်ရှုကြပါ၊**
- **ကိုယ့်အားကိုယ်ကိုးပြီး ထူထောင်ဖွင့်လှစ်ထားသည့် ကျေးရွာစာကြည့်တိုက်များကို ရေရှည်ခိုင်မြဲရေးအတွက် အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ကြပါရန်** မှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်း

ဖြင့် ပြောကြားသည်။

ယင်းနောက် အလှူရှင်များက အလှူငွေ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ကက်ဆက်နှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုထံ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် ဇနီး ဒေါ်ခင်သန်းဌေး မိသားစုက လှူဒါန်းသော အလှူငွေကျပ်ငါးသိန်း၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသည့် ငွေကျပ်သုံးသိန်းနှင့် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းသည့် ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးက မြိတ်ခရိုင်မှ လှူဒါန်းသည့် ရုပ်မြင်သံကြား၊ ကက်ဆက်နှင့် ရေဒီယို အလုံး ၂၀ စီ၊ စာအုပ်စာစောင်မျိုးစုံ စောင်ရေ ၁၆၀၀ နှင့် ငွေပဒေသာပင် ၁၆ သိန်း၊ ထားဝယ်ခရိုင်မှ လှူဒါန်းသည့် ရုပ်မြင်သံကြားနှင့် ရေဒီယို အလုံး ၂၀ စီ၊ ကော့သောင်းခရိုင်မှ လှူဒါန်းသည့် ရုပ်မြင်သံကြား ၁၅ လုံး၊ ရေဒီယို ကက်ဆက် ၁၀ လုံး၊ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံစောင်ရေ ၇၀၀ နှင့် ငွေပဒေသာပင် ကိုးသိန်းခွဲတို့ကိုလည်းကောင်း၊ မြိတ်တက္ကသိုလ်က လှူဒါန်းသည့် ငွေကျပ်တစ်သိန်း၊ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနက လှူဒါန်းသည့် ငွေကျပ်တစ်သိန်းခွဲ၊ တနင်္သာရီတိုင်းပြည်တွင်းအခွန်များ ဦးစီးဌာနက လှူဒါန်းသည့် ငွေကျပ်တစ်သိန်းခွဲ၊ ဖြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီ၊ အဏ္ဏဝါစိုးကုမ္ပဏီ၊ အိုကေဆန်ရောင်းဝယ်ရေးမှ ဦးမောင်ထွေးဝေ နှင့် သီတာကုမ္ပဏီတို့မှ လှူဒါန်းသည့် ငွေကျပ်ငါးသိန်းစီ၊ ထူးထူးတိုးကုမ္ပဏီနှင့် ဧရာနဒီကုမ္ပဏီတို့က လှူဒါန်းသည့် ငွေကျပ်သုံးသိန်းစီ၊ ဦးအောင်ဝင်း(ထားဝယ်)နှင့် Looking Forward Co. တို့က လှူဒါန်းသည့်ငွေကျပ် နှစ်သိန်းစီ၊ မြိတ်မြို့ဆန်ကုန်သည်များအသင်း၊ ဖိုးလမင်းကုမ္ပဏီ၊ ကြယ်စင်ကုမ္ပဏီနှင့် မြိတ်မြို့သဲကျောက် လုပ်ငန်းရှင်များ လှူဒါန်းသည့် ငွေကျပ်တစ်သိန်းစီနှင့် မြိတ်မြို့ဌာနဆိုင်ရာများက လှူဒါန်းသည့် ငွေကျပ်ငါးသောင်းတို့ကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက အလှူရှင်များ လှူဒါန်းသော ရုပ်မြင်သံကြား၊ ကက်ဆက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တနင်္သာရီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ထံ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုအခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းမှုအစုစုမှာ ရုပ်မြင်သံကြား ၅၅ လုံး၊ ကက်ဆက်အလုံး ၂၀၊ ရေဒီယိုကက်ဆက် ၁၀လုံး၊ ရေဒီယိုအလုံး ၂၀၊ စာအုပ်စာစောင် စုစုပေါင်း ၂၃၀၀ နှင့် အလှူငွေ ကျပ် ၆၁ သိန်းဖြစ်ပြီး ပစ္စည်းတန်ဖိုးမှာ ကျပ် ၇၃ သိန်း ငါးသောင်း စုစုပေါင်းငွေကျပ် ၁၃၄ သိန်း ငါးသောင်းဖြစ်ကြောင်း သိရှိရသည်။

တနင်္သာရီတိုင်းအတွင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင်များ၏ လှူဒါန်းမှုမှာ ယခင်လှူဒါန်းပြီး စုစုပေါင်းတန်ဖိုးသည် ငွေကျပ် ၅၉၅သိန်း သုံးသောင်းဖြစ်ပြီး ယခုလှူဒါန်းမှုအပါအဝင် လှူဒါန်းမှုအစုစု တန်ဖိုးမှာ ငွေကျပ် ၇၂၉ သိန်း ရှစ်သောင်း ရှိပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရေဘေးသင့်၍ နေရာရွှေ့ပြောင်းနေထိုင်လျက်ရှိသူများအား လိုအပ်သော ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

ရန်ကုန် အောက်တိုဘာ ၂၁

အောက်တိုဘာ ပထမပတ်အတွင်း တောင်တရုတ်ပင်လယ်အတွင်း ဖြစ်ပေါ်ခဲ့သော မုန်တိုင်းကြောင့် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့၌ နေရာအနှံ့အပြား မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ မြစ်ချောင်းများ၌ ရေလျှံတက်၍ အနိမ့်ပိုင်းကျသော နေရာအချို့၌ ရေဝင်နစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ရာသီဥတုသတင်းကို ကြိုတင်အသိပေးနိုင်ပြီး ရေဝင်ရောက်သည်နှင့် ဒေသအာဏာပိုင်အဖွဲ့အစည်း၊ တပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အပါအဝင် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် နယ်မြေလူထုပူးပေါင်း၍ ရေလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ပြီး လိုအပ်သော ကူညီစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်ရတို့သည် အောက်တိုဘာ ၁၃ ရက်တွင် ကျောက်ဆည်ခရိုင်အတွင်းရှိ ရေဝင်ရောက်မှုကြောင့် နေရာရွှေ့ပြောင်း နေထိုင်လျက်ရှိသူများအား သွားရောက်တွေ့ဆုံ အားပေးပြီး တိုင်းစစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ဒေသခံ စေတနာရှင်များက စုပေါင်းလှူဒါန်း ငွေကျပ် ၄၃၂ သိန်းနှင့် ဆန် ၃၆၇ တင်းတို့ကို ရေဝင်ရောက်မှုကြောင့် ရွှေ့ပြောင်းရသူများအတွက် ကူညီထောက်ပံ့ပေးခဲ့ကြပြီး အောက်တိုဘာ ၁၅ ရက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းကလည်း နယ်မြေအတွင်း ကွင်းဆင်း၍ ကူညီဆောင်ရွက်ပေးခဲ့သည်။

ဆောင်ရွက်လျက်ရှိ

မိုးရွာသွန်းမှုကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ဇော်ဂျီရေလှောင်တမံ၊ ကင်းတားရေလှောင်တမံ၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ငပြောင်ရေလွှဲဆည်တို့တွင် ရေဝင်ရောက်မှုကြောင့် ရေပိုလွှဲမှ ရေကျော်ခဲ့ပြီး၊ ကြက်မောက်တောင် ရေလှောင်တမံ၊ သဖန်းဆိပ် ရေလှောင်တမံတို့၌ ရေပြည့်လုနီးပါး ဝင်ရောက်ခဲ့ကြောင်း၊ ရွာသွန်းသည့်မိုးကြောင့် ဆည်ကန်များအတွင်း ရေဝင်ရောက်ပြီး ဆည်ကန်များ ကျိုးပေါက်မှုမရှိသည့်အတွက် အနိမ့်ပိုင်းသို့ စီးဝင်မည့် ရေများကို ထိန်းသိမ်းထားနိုင်မှုကြောင့် အနိမ့်ပိုင်းသို့ ရေဝင်ရောက်မှု လျော့ပါးစေခဲ့ကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်သည့်အပြင် ဆည်ရေသောက်ဧရိယာများအတွက် ရေအပြည့်အဝသိုလှောင်ထားနိုင်သည့် အခြေအနေကောင်းများ ရရှိခဲ့ကြောင်း၊ စိုက်ခင်းများအတွင်း ရေဝင်ရောက်ရာတွင် ကျောက်ဆည်ခရိုင်သည် အများဆုံးဖြစ်ပြီး သီးနှံစိုက်ဧက ခြောက်သောင်းကျော် ရေဝင်နစ်မြုပ်ခဲ့ကြောင်း၊ ယခုအချိန်တွင် ရေများ စတင်ကျဆင်းလျက်ရှိနေပြီဖြစ်ကြောင်း၊ စိုက်ခင်းများအတွင်း ရေလွှမ်းမိုးမှုကြောင့် စပါးဧက ၈၀၀၀ ကျော်နှင့် အခြားသီးနှံ ဧက ၃၀၀၀ခန့် ပျက်စီးမည်ဟု ခန့်မှန်းထားပြီး သီးနှံအစားထိုး စိုက်ပျိုးနိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်၊ စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တွင် တစ်နိုင်ငံလုံး၌ မိုးစပါး ၁၆ ဒသမ ၈ သန်းကျော် စိုက်ပျိုးထားရှိပြီး နွေစပါး ၃ ဒသမ ၃၄သန်း စိုက်ပျိုးရန် လျာထားသည့်အတွက် မိုးရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးသော စပါးစိုက်ဧက ၈၀၀၀ ကျော်သည် တစ်နိုင်ငံလုံး စိုက်ဧက၏ ဒသမ ၀၄ ရာခိုင်နှုန်းခန့်သာရှိ၍ နိုင်ငံ၏ စပါးစိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်နိုင်ခြင်း မရှိကြောင်း၊ မိုးရွာသွန်းမှု မရှိတော့သည့်အတွက် ရေပြန်လည်ကျဆင်းနေသည့် စပါးခင်းများအတွင်း စပါးပင်များတွင် ကပ်ငြိနေသည့် နွံနှင့် နုန်းများကို ရေဖြင့်ပက်ဖျန်း၍ ဆေးကြောခြင်း၊ ရေကျဆင်းသည့် နေရာများ၌ ရေတွင်း၊ ရေကန်များ သန့်ရှင်းခြင်း၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခြင်းတို့ကို ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အပါအဝင် လူမှုရေးအသင်းအဖွဲ့ဝင်များက နယ်မြေလူထုနှင့် အတူဝိုင်းဝန်း ဆောင်ရွက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပြီး ကျန်ဒေသများ၌လည်း အလားတူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၀-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၁၀ ၆။ အတီးပြိုင်ပွဲ
- ၈:၂၀ ၇။ မင်းလှရေလှောင်တမံ
- ၈:၂၅ ၈။ အကပြိုင်ပွဲ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Say it in English.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ Yan Can Cook.
- ၁၁:၅၀ ၅။ **မြန်မာရုပ်ရှင် "ခြေဖဝါးတော်နနု" (ဇော်လွင်၊ စမ်းစမ်းအေး) (ဒါရိုက်တာ–မောင်ဝဏ္ဏ)**
- ၁:၄၅ ၆။ အကပြိုင်ပွဲ
- ၂:၀၀ ၇။ ရွှေလီတံတား
- ၂:၁၅ ၈။ အဆိုပြိုင်ပွဲ
- ၂:၃၀ ၉။ **"မနိုင်သောအရှုံး" (ဟက်ကတ်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ–အေဝမ်းမောင်လှမျိုး)**
- ၂:၄၅ ၁၀။ International News.
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး
- ၄:၅၅ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (အင်္ဂလိပ်စာ အထူးပြု) (အင်္ဂလိပ်စာ)**
- ၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၂၀ ၇။ သီးနှံစိုက်ပျိုးအထွက်တိုး (ခြံစည်းရိုးကြက်ဆူ တစ်ဧကမျှော်မှန်းအထွက်နှုန်း ရရှိစေရန် ဆောင်ရွက်ရမည့် နည်းလမ်းများ)
- ၅:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ သီရိဂေဟာ
- ၇:၀၅ ၁၂။ Discovery.
- ၇:၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမန်ဆောင်းရဲ့နေ့ရက်များ" (အပိုင်း–၁၈)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာပန်းတိုင်"(အပိုင်း–၃၀)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံသည် တစ်ပြည်လုံးတည်ငြိမ်အေးချမ်း၊ အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးတိုးတက် မြန်မာနိုင်ငံပြည်တွင်းရေးကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ထိခိုက်စရာအကြောင်းမရှိ

နေပြည်တော် အောက်တိုဘာ ၂၁

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန်ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မန်ပန်ပြည်သူ့စစ်အဖွဲ့က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၇ ရက် နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါသဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင်
ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မန်ပန်ပြည်သူ့စစ်အဖွဲ့၏
သဘောထား ထုတ်ပြန်ကြေညာချက် (၁/၂၀၀၆)

ရက်စွဲ။ ။ ၂၀၀၆ခုနှစ်၊ စက်တင်ဘာ ၂၇ရက်

၁။ အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် ပြည်တွင်းသစ္စာဖောက်၊ ပြည်ပြေး၊ ရာဇဝတ်ကောင်နှင့် အကြမ်းဖက်သမားများကိုအသုံးချ၍ အစဉ်တစိုက်ကြိုးပမ်းခဲ့ပါသည်။ ဤသို့ကြိုးပမ်းရခြင်းအကြောင်းမှာ မြန်မာနိုင်ငံတွင် အမျိုးသားအကျိုးစီးပွားကို သစ္စာရှိရှိ ဖြည့်ဆည်းကာကွယ်နေသည့် မျိုးချစ်ပြည်ချစ်အင်အားစုများ ခိုင်မာစွာ တည်ရှိနေသည်ကိုတွေ့ရှိ၍ ၎င်းတို့အားဖယ်ရှားပြီး သြဇာခံ၊ ရုပ်သေးကြိုးဆွဲခံ၊ ပုဆိန်ရိုးလက်ဝေခံအစိုးရတင်ပြီး နိုင်ငံကိုအပိုင်စီးရန် ကြံရွယ်လုပ်ဆောင်နေခြင်းပင်ဖြစ်ပါသည်။

၂။ ယခုအခါ နိုင်ငံတော်အစိုးရသည် ပြည်သူလူထုလိုလားသည့်အတိုင်း စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်တို့ကို ဖော်ဆောင်လျက်ရှိပါသည်။ ထိုသို့ဖော်ဆောင်ရာတွင် လိုက်နာကျင့်သုံးရမည့် မူဝါဒများအဖြစ် ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက် (၁၂)ရပ်တို့ဖြင့်လည်းကောင်း၊ အကောင်အထည်ဖော်မည့် အဆင့်များကို ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့်လည်းကောင်း ခိုင်ခိုင်မာမာတိတိကျကျ ဖော်ပြထားပြီးဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် မြန်မာနိုင်ငံသည် မည်သည့်အစိုးရလက်ထက်မှာမျှမရရှိနိုင်ခဲ့သည့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများနှင့် ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ရရှိခံစားလျက်ရှိနေပါသည်။

၃။ အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် အောင်မြင်မှုမရှိခဲ့သည့်အတွက် တစ်ဖန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအား အသုံးချရန် အားထုတ်လာပြန်ပါသည်။ မြန်မာနိုင်ငံသည် တစ်ပြည်လုံးတည်ငြိမ်အေးချမ်းပြီး အတိုင်းအတာတစ်ခုထိ ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ပြည်တွင်းရေးအခြေအနေကြောင့် ဒေသအတွင်းတည်ငြိမ်အေးချမ်းမှုကို မည်သို့မျှ ထိခိုက်လာစရာအကြောင်းမရှိပါ။

၄။ ထို့ကြောင့် အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို အသုံးချပြီး မြန်မာနိုင်ငံအား ဖိအားပေးခြင်း၊ ပိတ်ဆို့တားဆီးခြင်း၊ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြင်းသည် မြန်မာနိုင်ငံပြည်တွင်းရေးကို မငြိမ်မသက်ဖြစ်စေခြင်း၊ ပြည်သူလူထု စားဝတ်နေရေး ကျပ်တည်းအောင်လုပ်ဆောင်ခြင်း၊ အများစု၏ဆန္ဒကိုလျစ်လျူရှုပြီး လက်တစ်ဆုပ်စာမျှသာရှိသည့် ဆန့်ကျင်ဘက်အင်အားစုများကို အားပေးအားမြှောက်ပြုခြင်းနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ်(၂၄)ကို ချိုးဖောက်ရာရောက်နေကြောင်းကိုတွေ့ရှိ၍ မရိုးမသားသောဆောင်ရွက်ချက်ဖြစ်သောကြောင့် မန်ပန်ပြည်သူ့စစ်အဖွဲ့အနေဖြင့် အမေရိကန်လုပ်ဆောင်ချက်များအပေါ် လက်ခံနိုင်ခြင်းမရှိကြောင်းနှင့် ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာပါသည်။

ဦးစိုင်းမွန်း
ဥက္ကဋ္ဌ
မန်ပန်ပြည်သူ့စစ်အဖွဲ့
ရှမ်းပြည်နယ်မြောက်ပိုင်း

အလိုတော်ပြည့်ကျောင်းတိုက် ဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေကလေးရပ်ကွက် ပင်ရွှေညောင်လမ်း အောင်မြေဗောဓိမွေရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်) အောက်တိုဘာ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ပုရိမဝါမှထမြောက်သော ဆရာတော် သံဃာတော်များအား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာ ဒါယိကာမများအား ဖိတ်ကြားထားသည်။ (က–ပ)

ယောဇနာရာမစာသင်တိုက် ဘုံကထိန်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံတောင်(စံပြ)ရပ်ကွက် မင်းလမ်း ယောဇနာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဦးဩဘာသ (ဓမ္မာစရိယ) အမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား (၁၃၆၈ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်) (တနင်္ဂနွေနေ့) အောက်တိုဘာ ၂၉ ရက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းမဟာဘုံကထိန်နှင့် စာအောင်သံဃာတော်များ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပမည်ဖြစ်၍ ဒါယကာ ဒါယိကာမများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်းသိရသည်။ (က–ပ)

စက်ရုံဓမ္မရိပ်သာ ကထိန်သင်္ကန်းဆက်ကပ်မည်

ရန်ကုန် အောက်တိုဘာ ၂၁

ကျုံမငေးမြို့၊ စက်ရုံဓမ္မရိပ်သာ၌ နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော စုပေါင်းကထိန်သင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်၊ အောက်တိုဘာ ၂၉ ရက်နေ့တွင် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမနအမှူးပြုသည့် သံဃာတော်အရှင်သူမြတ်များအား ကထိန်သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ရာ အလှူရှင်များသည် စီဝိုင်စီသင်္ကန်းတစ်စုံလျှင် ဆွမ်းအလှူငွေအပါအဝင် ငွေကျပ် ၈၀၀ နှုန်းဖြင့် အကျိုးဆောင်အဖွဲ့ထံဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိသည်။ (က–ပ)

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရတနာကုန်သည် ၃၀၀၄ ဦး ရောက်ရှိလာ

ရန်ကုန် အောက်တိုဘာ ၂၁

၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ယနေ့ညနေ ၄နာရီအထိ ပြည်ပနိုင်ငံ ၁၂နိုင်ငံ၊ ကုမ္ပဏီ ၄၆၀ မှ ရတနာကုန်သည် ၁၇၈၄ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၄၉၂ ခုမှ နိုင်ငံသား ရတနာကုန်သည် ၁၂၂၀၊ စုစုပေါင်းပြည်တွင်း ပြည်ပမှရတနာကုန်သည် ၃၀၀၄ဦးရောက်ရှိနေကြပြီး ရတနာအတွဲများကို ကြည့်ရှုလေ့လာနေကြပြီး ရတနာကုန်သည်များ ထပ်မံရောက်ရှိကြဦးမည်ဖြစ်သည်။ (သတင်းစဉ်)

ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် နှိုးဆော်

နေပြည်တော် အောက်တိုဘာ ၂၁

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍပညာရေးမြှင့်တင်မှုလုပ်ငန်း အစီအစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၈ရက် (စနေနေ့)ကို ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးနေ့အဖြစ်သတ်မှတ်ပေးထားပြီးဖြစ်သဖြင့် အဆိုပါနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိအခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်း (၅)ရပ်ကို ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်သက်ဆိုင်ရာက နှိုးဆော်ထားကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပုလဲအတွဲပေါင်း ၁၃၅တွဲရောင်းချရ

ရန်ကုန် အောက်တိုဘာ ၂၁

၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ အောက်တိုဘာ ၁၉ ရက်မှ ယနေ့ညနေပိုင်းအထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာပြပွဲခန်းမ၌ ပုလဲအတွဲပေါင်း ၂၉၁ တွဲကို တင်ဒါစနစ် ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချခဲ့ရာ ပုလဲအတွဲပေါင်း ၁၃၅တွဲကို ပြည်ပရတနာကုန်သည်များက ဝယ်ယူသွားကြသည်။

ဆက်လက်ရောင်းချသွားမည်

အောက်တိုဘာ ၂၂ရက်တွင် ကျောက်မျက်အတွဲပေါင်း ၄၆၈တွဲကို တင်ဒါစနစ် ဈေးပြိုင်စနစ်တို့ဖြင့် ကျောက်မျက်ရတနာပြပွဲခန်းမတွင် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

အောက်တိုဘာ ၂၃ရက်မှ ၂၉ရက်အထိ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲပေါင်း ၄၂၃၇တွဲကို ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် မိမိတို့ ဝယ်ယူလိုသော ကျောက်စိမ်းအတွဲများကို စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြပြီး တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြမည်ဖြစ်သည်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

၂၀၀၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ စနေနေ့

ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂–၁၀–၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်	၁၀း၂၀	တေးဂီတအစီအစဉ်
၇း၀၅	ပေးဆပ်နိုင်စွမ်းသူတို့ရဲ့ ပီတိအလှူ	၁၀း၂၅	မိုးလေဝသခန့်မှန်းချက်
၇း၂၅	တေးဂီတအစီအစဉ်	၁၀း၃၀	ကလေးတို့အတွက် လက်ဆောင် (ဓာတ်ပုံဘောင်အကြီးအသေးခေါက်နည်း)
၇း၃၀	Sunday Talk [ဒေါက်တာဇော်သန်း၊ မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]	၁၀း၄၅	တေးဂီတအစီအစဉ်
၈း၂၅	တေးဂီတအစီအစဉ်	၁၀း၅၀	ပြည်တွင်းသတင်းအကျဉ်း
၈း၃၀	ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်	၁၁း၀၀	မှတ်သားလေ့လာ ပြတိုက်ခင်းကျင်းမှုပညာ
၈း၄၀	တေးဂီတအစီအစဉ်	၁၁း၁၀	တေးဂီတအစီအစဉ်
၈း၄၅	နိုင်ငံတကာအနုပညာရေးရာ	၁၁း၁၅	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပေါင်းပင်"
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း	၁၁း၂၀	တေးဂီတအစီအစဉ်
၉း၂၀	တေးဂီတအစီအစဉ်	၁၁း၂၅	ပေါ့ပေါ့ပါးပါး မြန်မြန်ဆန်ဆန်
၉း၂၅	ထက်မြက်ထူးခြား Aikido အားကစား	၁၁း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀	တေးဂီတအစီအစဉ်	၁၁း၄၀	တေးဂီတအစီအစဉ်
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း	၁၁၄၅	ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း
၁၀း၀၀	ကျွန်းမျှောပေါ်က ခရမ်းချဉ်သီး	၁၁း၅၅	ဆုရအက
		၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Permier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports
၆း၀၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၆း၂၅	Man:Utd-Liverpool	5-Sports(Live)
၉း၂၅	Reading-Arsenal	5-Sports(Live)

Series - A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၃၀	Roma-Chievo	5-Series(Live)

စပါးခွံသုံး ဓာတ်ငွေ့အင်ဂျင်စက်လုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်သည် အောက်တိုဘာ ၃ ရက်က အဖွဲ့ဝင်များလိုက်ပါပြီး ဟင်္သာတမြို့နယ် ယုန်သလင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စပါးခွံသုံးဓာတ်ငွေ့အင်ဂျင်စက် လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စပါးခွံဖြင့် လျှပ်စစ်ဓာတ်အားပေး ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါစက်ရုံကို ၂၀၀၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အင်ဂျင်မှာ ER100အမျိုးအစားဖြစ်ကာ 130 KVA ထုတ်လုပ်နိုင်ပြီး အိမ်ပေါင်း ၃၆၃ အိမ်အား မီးပေးနိုင်ကြောင်း သိရှိရသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ဟင်္သာတမြို့ မြို့သူကြီးဘုရား ဘက်စုံပြုပြင်မွမ်းမံနေမှုအား ကြည့်ရှုစစ်ဆေးပြီး ပြည့်စုံစက်မှုလက်မှုလုပ်ငန်းသို့ ရောက်ရှိကာ စက်မှုပညာရှင် ဦးမြကြိုင်က စပါးခွံသုံး ဓာတ်ငွေ့အင်ဂျင်စက် ထုတ်လုပ်ထားရှိမှုနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသရာ တိုင်းမှူးက ဆက်လက်တီထွင်ကြိုးပမ်းသွားကြရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များ ဟင်္သာတမြို့နယ် ယုန်သလင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စပါးခွံသုံး ဓာတ်ငွေ့အင်ဂျင်စက် လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစဉ်။

(သတင်းစဉ်)



သုံးမြို့နယ်စုပေါင်းမဟာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့နှင့် လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတားသုံးမြို့နယ် စုပေါင်းမဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲကို နိုဝင်ဘာ ၄ ရက် (စနေနေ့) တန်ဆောင်မုန်းလပြည့်နေ့ မွန်းလွဲ ၁နာရီတွင်ပြုလုပ်၍ နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့၊ တိုင်းသံဃာ့နာယကအဖွဲ့၊ ဆရာတော်ကြီးများ၊ သီတဂူဆရာတော်၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ အမှူးပြုသည့် သံဃာတော်အပါး ၁၅၀တို့အား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ အလှူရှင်များ ကိုယ်တိုင် ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားသည်ဟု သိရသည်။ **(၂၃)**

မိခင်ကြီး ဒေါ်ငွေရှင် (၁၀)နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၆လမ်းနေ သမီးဒေါ်ဝင်းဝင်းအေးမိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို ပိဋကတ်နှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တပညာသီရိလင်္ကာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ-နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ရန်ကုန်အရှေ့ပိုင်းခရိုင်ဒေါပုံမြို့နယ် ငမိုးရိပ်ဂျိုးဖြူမင်္ဂလာ ရေပိုက်ဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ခုနှစ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ဒေါပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကစီစဉ်ဆောင်ရွက်ပြီးစီးခဲ့သည့် ရန်ကုန်အရှေ့ပိုင်းခရိုင်ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက်၊သဘော်ကျင်းရပ်ကွက်၊ယမုံနာ(၁)နှင့် (၂)ရပ်ကွက်တို့သို့ ငမိုးရိပ်ဂျိုးဖြူ မင်္ဂလာရေပိုက်ဖွင့်ပွဲ အခမ်းအနားနှင့် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင်ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်း တာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ ဖွင့်လှစ်ပေးပြီး အသင်းဝင် အဆိုပြုလွှာများ လက်ခံယူသည်။

ရေးဦးစွာငမိုးရိပ်ဂျိုးဖြူမင်္ဂလာရေပိုက်ဖွင့်ပွဲအခမ်းအနားကို အောင်မေတ္တာလမ်းနှင့် ယမုံနာလမ်းဆုံရှိမုခ်ဦးရှေ့၌ နံနက် ၇နာရီတွင် ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးအောင်မြင့်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်နှင့် ရပ်မိရပ်ဖ ဦးမောင်ငြိမ်းတို့က မင်္ဂလာရေပိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဇေယျာသီရိရပ်ကွက်၊ သဘော်ကျင်းရပ်ကွက်၊ ယမုံနာ(၁)နှင့် (၂) ရပ်ကွက်တို့သို့ ငမိုးရိပ် ဂျိုးဖြူ မင်္ဂလာရေပိုက်ဖွင့်ပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဇေယျာသီရိရပ်ကွက်၊ အောင်ရတနာလမ်းရှိ အမှတ်(၈) အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ဆက်လက်ကျင်းပရာ အစီအစဉ်အရဗဟိုအလုပ်အမှုဆောင်မြို့တော်ဝန်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ထံ ဇေယျာသီရိရပ်ကွက်၊ သဘော်ကျင်းရပ်ကွက်၊ ယမုံနာ(၁) နှင့် (၂)ရပ်ကွက်တို့မှ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ၁၆၈၃ စောင်ကို ရပ်မိရပ်ဖများ ဖြစ်ကြသည့် ဦးစိုးတင့်နှင့် ဦးမောင်မောင်တိုးတို့က ပေးအပ်ကြရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံယူပြီးအသင်းဝင် အသိအမှတ်ပြု ကတ်ပြားများ ပြန်လည်ပေးအပ်သည်။ **(၁၉)**

နိုင်ငံတကာ မြားပစ်ပြိုင်ပွဲများအတွက် လက်ရွေးစင်များ စခန်းဝင်လေ့ကျင့်

ရန်ကုန် အောက်တိုဘာ ၂၁

၂၀၀၆ခုနှစ် နိုဝင်ဘာ ၁ရက်က ၇ရက်အထိ မြန်မာနိုင်ငံတွင် ကျင်းပမည့် တတိယအကြိမ်မြောက် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲတို့၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာမြားပစ်အသင်းသည် စခန်းဝင်လေ့ကျင့်လျက်ရှိသည်။

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် တတိယအကြိမ်မြောက် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည်ပြိုင်ပွဲနှင့်ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲအတွက်မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများ လေ့ကျင့်နေစဉ်။

(ကြေးမုံ)

ပြိုင်ပွဲဝင်မည့် အိမ်ရှင်မြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင် အဖြစ် ဦးကျော်ဆန်း (ခေတ္တကျောင်းအုပ်ကြီး အား/ကာသိပ္ပံရန်ကုန်)၊အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူးအား/ကာ၊လက်ထောက်အုပ်ချုပ်သူအဖြစ်ဦးသန်းကြိုင်၊ (အုပ်ချုပ်ရေးမှူး၊ မြားပစ်အဖွဲ့ချုပ်) နည်းပြဆရာများအဖြစ် Recurve အမျိုးသား ရဲအုပ်သီသီဝင်း၊ အမျိုးသမီး Mr. Lee Seurg Min (ကိုရီးယားလူငယ်လုပ်အားပေး နည်းပြ)၊ Compound အမျိုးသား ဦးအောင်သူရ၊ အမျိုးသမီး–ရဲအုပ်မြတ်သူဇာမြင့်တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

အားကစားသမားများအဖြစ် အမျိုးသား Recurve ဇော်ဝင်းထိုက်၊ ဇော်မင်းထွန်း၊ ကျော်ချမ်းငြိမ်း၊ မျိုးကိုကို၊ Compound ရဲမင်းဆွေ၊ လင်းနိုင်၊ ချစ်ဝင်းရှိန်၊ ချမ်းအေးအောင်၊ အမျိုးသမီး Compound တင်ဇင်အိ၊ယုနန္ဒာထိုက်၊ ကေသီ၊ အေးသီတာ၊ Recurve စန်းယုထွေး၊ ဇင်မေဖူး၊ အောင်ငိုမ်း၊ စုလဲ့မွန်နှင့် နန်းဝိတိုရိယတို့ ပါဝင်ကြသည်။

ယခုပြိုင်ပွဲသို့အိမ်ရှင်မြန်မာအပါအဝင် တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ကာဇက်စတန် စုစုပေါင်း အသင်းကိုးသင်းမှ အုပ်ချုပ်မှုအဖွဲ့ ၃၀၊ အားကစားသမားများအဖြစ် Recurve အမျိုးသား ၃၀၊ အမျိုးသမီး ၂၈ဦး၊ Compoundအမျိုးသား ၁၈ဦး၊ အမျိုးသမီး ၂၀ဦး စုစုပေါင်း၁၂၆ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (ကြေးမုံ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်မှုဆောင်၊ ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဒေါပုံမြို့နယ် ရေအောင်ပွဲ မော်ကွန်းတင်ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းစဉ်။

(၁၉)

မဟာဘုံကထိန်တရားပွဲ

ရန်ကုန် အောက်တိုဘာ ၂၁

ပဲခူးမြို့ဥသျှောမြို့သစ်သာမဏေကျော် ပရိယတ္တိစာသင်တိုက်နှင့်သာမဏေကျော် စာသင်တိုက်ခွဲများ၏ဦးစီးနာယကပဓာနဆရာတော် ဘဒ္ဒန္တဝိစက္ခဏာဘိဝံသ (သ.စ.သ.အ ဓမ္မာစရိယ၊ B.A Myanmar-Q) မထေရ်မြတ်ကို အမှူးထား၍ သံဃာတော်အပါး ၃၅၀ တို့အား (၁၃)ကြိမ်မြောက် မဟာဘုံကထိန် သင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ၁၃၆၈ ခု တန်ဆောင်မုန်း လဆန်း ၁၀ ရက် (တနင်္လာနေ့)နံနက် ၈နာရီတွင် အဆိုပါစာသင်တိုက် စွန်ညီနောင်စွန်မင်း ဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ပြီး ဖြူးဆရာတော် ဘဒ္ဒန္တနရပတိမထေရ်မြတ်က ၎င်းည၇နာရီ၌ တရားဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများကိုတူးဖော်ဆောင်ရွက်လျက်ရှိရာစက်ရေတွင်း လှူဒါန်းလိုသူများအနေဖြင့်နှစ်လက်မစက်ရေတွင်းကိုအနက်ပေ ၂၀၀ တစ်တွင်းစက်ပစ္စည်းစုံဖြင့် ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်းကို အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံဖြင့် ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်းကို အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံဖြင့် ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြသည်။

ရေလှူဒါန်းခြင်းဖြင့် ရေအကျိုး ၁၀ပါးကို ဆုမတောင်းဘဲရရှိနိုင်သည် ဖြစ်ရာလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း ၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း ၀၁-၂၉၁၉၆၇၊ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း ၀၆၇-၄၀၉၄၀၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း ၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း၀၂-၅၄၆၅၇တို့ကို ဆက်သွယ်နိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်တွင် နေရာချထားမည့် မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများအတွက် လျှောက်လွှာခေါ်ယူခြင်း

မြို့ကွက်သစ်

၁။ နေပြည်တော်တွင် မြေကွက် ၄၀၀၀ စီပါရှိသော မြို့ကွက်သစ်နှစ်နေရာအား အောက်ဖော်ပြပါ အချက်အလက်များဖြင့် ဖော်ထုတ်သွားပါမည်–

(က) **မြေကွက်အရွယ်အစား** ။ ပေ ၁၂၀ x ပေ ၁၂၀ မြေကွက်၊ ပေ ၁၀၀ x ပေ ၁၀၀ မြေကွက်၊ ပေ ၈၀ x ပေ ၈၀ မြေကွက်၊

(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်။

(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေးနှင့် ရေစီးရေလာ စနစ်များ ဆောင်ရွက်ပေးမည်။

(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံအစရှိသည့် လူမှုရေးအဆောက်အအုံများ ပါဝင်မည်။

၂။ မြေကွက်လျှောက်ထားသူသည် အောက်ပါအချက်အလက်များအတိုင်း လိုက်နာရပါမည်–

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် သတ်မှတ်တန်ဖိုးကို ပေးသွင်းရမည်။

(ခ) အမှန်တကယ် နေထိုင်ရန် လိုအပ်ပါက မြေကွက် နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။

(ဂ) အမှန်တကယ် နေထိုင်သူများ ဖြစ်ရမည်။

(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာ ဖြစ်သဖြင့် မည်သည့် စီးပွားရေး လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမပြုရ။

(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ် သို့မဟုတ် နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်၊ တစ်လုံးထက်ပို၍ ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ဆောက်လုပ်ခြင်းအား ခွင့်မပြု။

(စ) ဆောက်လုပ်ပြီး အိမ်အစား အသစ်ထပ်မံဆောက်လုပ်လိုပါက လက်ရှိအိမ်အား ဖျက်သိမ်း၍ သတ်မှတ်ပေးထားသည့်အိမ်ပုံစံများအနက် နှစ်သက်ရာကို ရွေးချယ် ဆောက်လုပ်ခွင့် တင်ပြဆောင်ရွက်နိုင်ပါသည်။

(ဆ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်၊ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသော အိမ်ပုံစံကို ကော်မတီသို့ တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။

(ဇ) နေရာချထားပေးပြီး အနည်းဆုံး သုံးလအတွင်း အဆောက်အဦ စတင် ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့်လျော်ကြေးမှမပေးဘဲ ပြန်လည်သိမ်းယူမည်။

(ည) အဆောက်အဦ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချမည် ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်း ရောင်းချခွင့်ပြုမည်၊ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

အဆင့်မြင့်ဈေး

၃။ နေပြည်တော်တွင် ဖွင့်လှစ်မည့် Shopping Complex တွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီသော ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခွင့်ပြုပါမည်–

(က) စားသောက်ဆိုင်များ(မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ အိန္ဒိယအစားအစာ၊ လက်ဖက်ရည်ဆိုင်၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒံပေါက်၊ ချစ်တီးထမင်း၊ အအေးဆိုင်စသည်ဖြင့်)။

(ခ) ဆေးပစ္စည်းအရောင်းဆိုင်များ(ဆေးခန်း၊ ဓာတ်ခွဲခန်းလုပ်ငန်းများမပါ)။

(ဂ) အမျိုးသား/ အမျိုးသမီးအလှပြင်ဆိုင်များ(အနှိပ်/အကြောပြင်ခန်းများမပါ)။

(ဃ) စိန်ရွှေ ရတနာဆိုင်။

(င) စာအုပ်နှင့် စာရေးကိရိယာဆိုင်။

(စ) အပ်ချုပ်ဆိုင်။

(ဆ) အဆင့်မြင့်မူလတန်းကြိုကျောင်း။

(ဇ) Electronics ပစ္စည်းအရောင်းဆိုင်များ (Services Centre တွဲလျက်)၊ (Training Centre ခွင့်မပြုပါ)။

၄။ အထက်ဖော်ပြပါ Shopping Complex အတွင်း ဆိုင်ခန်းတစ်ခန်းလျှင် ပေ ၁၀၀ x ပေ ၂၀၀ အကျယ် မြေကွက်များ ခွင့်ပြုပေးမည်။

၅။ အဆိုပါ သတ်မှတ်မြေကွက်အတွင်း ရှေ့ပိုင်း ပေ ၇၀ x ပေ၁၀၀တွင် သတ်မှတ် ပေးထားသည့် ပုံစံအတိုင်း တစ်ထပ်ဆိုင်ခန်းဆောက်လုပ်ရန်နှင့် နောက်ပိုင်း ပေ ၁၀၀ x ပေ ၁၀၀ တွင် အလုပ်သမားများ နေထိုင်ရန် စတိုများအား အများဆုံးနှစ်ထပ်အထိသာ ဆောက်လုပ်ရန် ခွင့်ပြုမည်။ ဆောက်လုပ်မည့်ပုံစံအား တင်ပြအတည်ပြုချက် ရယူဆောက်လုပ်ရမည်။

၆။ ဈေးဆိုင်ခန်း ဆောက်လုပ်ရောင်းချခွင့် ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံ လွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်၊ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်း မပြုရ။

၇။ လုပ်ငန်းဆက်လက်မလုပ်နိုင်ပါက မြေနှင့်အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၈။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်ရမည်–

(က) လုပ်ငန်းရင်းနှီးမြှုပ်နှံနိုင်သည့် ခိုင်မာသော ငွေကြေးအင်အားရှိမှုအနေအထားကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်နှင့် သက်ဆိုင်ရာ ဘဏ်၏ အာမခံချက် (သို့မဟုတ်) မရွှေ့ပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်မှု အထောက်အထားနှင့်အတူ တင်ပြရမည်။

(ခ) လျှောက်ထားသူသည် လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအား အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဂ) အဆောက်အဦဆောက်လုပ်ပြီး လုပ်ငန်းစတင်လုပ်ကိုင်သည်နှင့် မြေပိုင်ဆိုင်မှု အဖြစ် နှစ်(၃၀)မြေငှားဂရန်ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ် အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်း ရောင်းချမည်ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့် ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့်ယာဉ်ပြင်အလုပ်ရုံများ

၉။ နေပြည်တော်တွင် ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများကို အောက်ပါလုပ်ငန်း ဆောင်ရွက်လိုသူများသည် ဝယ်ယူရန် လျှောက်ထားနိုင်ပါသည်–

(က) လက်ရှိပွဲရုံလုပ်ငန်းလုပ်ကိုင်နေသူများ(အထောက်အထားပူးတွဲလျက်)။

(ခ) လက်ရှိပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းများ။

(ဂ) လက်ရှိ လုပ်ကိုင်နေသော ယာဉ်ပြင်အလုပ်ရုံများ။

၁၀။ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများတွင် လျှပ်စစ်မီး၊ ရေ၊ ဆက်သွယ်ရေး၊ ကွန်ကရစ်လမ်းနှင့် ရေစီးရေလာစနစ်များအပြည့်အစုံဖြင့် ဆောက်လုပ်ပေးမည်။

၁၁။ အဆောက်အဦကို သတ်မှတ်ပေးသည့်ပုံစံအတိုင်း မိမိအစီအစဉ်ဖြင့်ဆောက်လုပ်ရမည်။

၁၂။ မြေကွက်ဖော်ထုတ်မှု ကုန်ကျစရိတ်များကို ဝယ်ယူသူများမှ ပေးချေရမည်။

၁၃။ အဆောက်အဦကို သုံးလအတွင်း ဆောက်လုပ်ရန်နှင့် လုပ်ငန်းဆက်လက် မလုပ်နိုင်ပါက မြေနှင့် အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၁၄။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်။ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်းမပြုရ။

စည်းကမ်းချက်များ

၁၅။ အထက်ဖော်ပြပါ မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများ ဝယ်ယူရန် လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူ ဖြစ်ရပါမည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရားဥပဒေဘောင် ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်း တစ်ခုခု ဖြစ်စေ၊ အဖွဲ့အစည်းများနှင့် ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ။

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ခဲ့ဖူးသူ သော်လည်းကောင်း၊ ကျူးလွန် ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူ သော်လည်းကောင်း မဖြစ်စေရ။

၁၆။ လျှောက်ထားရန် စိတ်ပါဝင်စားသူများသည် လျှောက်လွှာကို **နေပြည်တော် စည်ပင်သာယာရေး ကော်မတီရုံး သို့မဟုတ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နေပြည်တော်** သို့ ဆက်သွယ် စုံစမ်း လျှောက်ထားနိုင်ပါသည်။

၁၇။ **ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတော်က သတ်မှတ်ခွင့်ပြုပေးထားသော အသင်းများအတွက်** မြို့ကွက်သစ်များတွင် သီးသန့်နေရာချထားပေးမည် ဖြစ်သဖြင့် အဖွဲ့အစည်းများနှင့် အသင်းများသည် **အထက်အပိုဒ် (၁၆) ပါ လိပ်စာများ** သို့ လာရောက် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ

စုံစမ်းရန် ဖုန်းနံပါတ်များ။ ၀၆၇၄၀၉၃၂၀၊ ၀၆၇၄၁၄၂၀၂၊ ၀၆၇၄၁၄၂၀၄၊ ၀၆၇၄၁၄၂၈၉၊ ၀၆၇၄၁၄၂၉၄

ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ္တမမြောက်နေ့ ပြိုင်ပွဲအစီအစဉ်များ လှည့်လည်ကြည့်ရှုအားပေး၊ ဂီတပညာရှင်များ၊ အကဲဖြတ်ဒိုင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၁

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ်နယ်မြေနှင့် သုတေသနနယ်မြေတို့၌ ကျင်းပလျက်ရှိသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ရောက်ရှိလာပြီး ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသား တိုင်းရင်းသူများ၏ ဝင်ရောက်ယှဉ်ပြိုင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ✻

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ဝါသနာရှင်အဆင့် (ဒုတိယတန်း)မယ်ဒလင်အတီး ပြိုင်ပွဲ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တိုင်းလုံးကျွတ်ဖွင့်လှစ်ပြီးစီး ကျေးရွာစာကြည့်တိုက်များ ရေရှည်ခိုင်မြဲရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၁

တနင်္သာရီတိုင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တိုင်းလုံးကျွတ်ဖွင့်လှစ်ပြီးစီးခြင်းအောင်ပွဲနှင့် အလှူငွေ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ကက်ဆက်နှင့် စာအုပ်စာစောင် လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မြိတ်မြို့ ပုလဲရတနာခန်းမဉ္ဇကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်၍ အမှာစကား ပြောကြားပြီး အလှူငွေများကို လက်ခံသည်။

အဆိုပါ အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက အမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုထံ တနင်္သာရီတိုင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့်ဇနီး ဒေါ်ခင်သန်းဌွေး မိသားစုက ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး